# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ ဝါဆိုလကွယ်နေ့ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၃၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀)၌ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ စတင်ဖွင့်လှစ်

## တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး ၉၀၀ ခန့် ထုတ်လုပ်နိုင်

နေပြည်တော် ဩဂုတ် ၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀) ဝင်းအတွင်း တည်ဆောက်ထားသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံ (Liquid Oxygen Plant) (နေပြည်တော်)ကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် ယနေ့စတင်ဖွင့်လှစ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်ထုတ်လုပ်မှုအဆင့်ဆင့်၊ ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဖြူးသွားမည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆



ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀)ဝင်းအတွင်း ဖွင့်လှစ်လိုက်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံကို တွေ့ရစဉ်။




## ယနေ့ ဖတ်စရာ


အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း သိကောင်းစရာ
ဆောင်းပါး စာ - ၆

ခဲလေသမျှ သဲရေကျခဲ့ရသည့် ထိုင်းနှစ်
ဆောင်းပါး စာ - ၁၀

ကာကွယ်ဆေးနှစ်ကြိမ် ထပ်ထိုးပေးရန် ပြင်သစ်နိုင်ငံက ပြင်ဆင်လျက်ရှိ
နိုင်ငံတကာသတင်း စာ - ၁၃

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည်ကို တွေ့ရှိရ
စာ - ၁၉

# ဇီဝအကြမ်းဖက်သည့် အဖျက်အမှောင့်လုပ်ရပ်

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းသည် ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့ထက်ပို၍ ပြင်းထန်သည်။ နေ့စဉ်ခာတ်ခွဲအတည်ပြုလူနာအရေအတွက်၊ ရောဂါပိုးတွေ့ရှိသူ ရာခိုင်နှုန်းနှင့် သေဆုံးသူဦးရေတို့မှာ ယခင်လှိုင်းများထက် ပိုမိုမြင့်မားများပြားသည်။ ဤသည်မှာ မိမိတို့တစ်နိုင်ငံတည်းသာမဟုတ်ဘဲ အခြားနိုင်ငံများတွင်လည်း ထိုနည်းနှင်နှင်သာဖြစ်သည်။ မိမိတို့ နိုင်ငံထက် စီးပွားရေးအင်အားကြီးသည့် နိုင်ငံ၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုကောင်းသည့် နိုင်ငံ၊ နည်းပညာ ပိုမိုမြင့်မားသည့် နိုင်ငံများသည်ပင်လျှင် မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို အလူးအလိမ့်ခံကြရသည်။

မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများအနက် ကူးစက်မှုမြန်ဆန်ပြီး ရောဂါပို၍ပြင်းထန်သည့် ဒယ်လ်တာမျိုးကွဲသည်လည်း မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည့်အတွက် တတိယလှိုင်း၏ ဒဏ်ကို ယခင်ထက်ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရခြင်းဖြစ်သည်။ အချိန်တိုအတွင်း ရောဂါပိုးတွေ့ရှိသူအရေအတွက် ခုန်တက်သွားခြင်းက ဆေးရုံများနှင့် ကုသရေးစင်တာများတွင် လူနာများ ရုတ်တရက် ပြည့်လျှံသွားစေပြီး ဆေးရုံခုတင်၊ ဆေးဝါး၊ အောက်ဆီဂျင်၊ ဆရာဝန်သူနာပြု လိုအပ်ချက်များဖြစ်ပေါ်ခဲ့ရသလို ပြည်သူလူထုအတွင်း၌လည်း ဆေးရုံများက လူနာများကို လက်မခံဘဲ နှင်ထုတ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံများကို အစိုးရနှင့် တပ်က လိုက်သိမ်းနေကြောင်း၊ ဆေးဆိုင်များကို ပိတ်ခိုင်းကြောင်း စသည်ဖြင့် သတင်းများလည်း ထွက်ပေါ်လာသည်။ ကိုဗစ်- ၁၉ ရောဂါ ကုသပေးမှုနှင့် စပ်လျဉ်း၍ ပြည်သူလူထုအတွင်း သတင်းအမှားများနှင့် တို့မီးရှို့မီး သတင်းများကသာ ဖုံးလွှမ်းနေပြီး မှန်ကန်သည့်သတင်း၊ ပြည်သူလူထုသိသင့်သိထိုက်သည့် အချက်အလက်တို့ ရရှိမှုမှာ လွန်စွာအားနည်းနေခဲ့သည်။

"ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေနဲ့ ကိုဗစ်ရောဂါ စည်းကမ်းချက်တွေကို မလိုက်နာကြဖို့၊ ကာကွယ်ဆေးမထိုးကြဖို့နဲ့ လူထုကြားမှာ အမျိုးမျိုးသော စုဝေးမှုတွေဖြစ်ပေါ်လာအောင် ဆင်ခြင်တုံကင်းမဲ့စွာ၊ အကြံပက်စက်စွာ စည်းရုံးလှုံ့ဆော်နေမှုတွေက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်သလို ကိုဗစ်-၁၉ ရောဂါကို လက်နက်သဖွယ်အသုံးပြုလာတဲ့ ဇီဝအကြမ်းဖက်တဲ့ Bioterrorism သဘောတရားပင်ဖြစ်ပါတယ်။" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့်နေ့တွင် ပြောကြားသည့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းအရှိန်မြင့်နေသည့်အချိန်တွင် အဖျက်အမှောင့်သမားတို့၏ လုပ်ရပ်က ပြည်သူလူထုကို သားကောင်အဖြစ်အသုံးချကာ နိုင်ငံရေးအမြတ်ထုတ်ရန် မကြံကောင်းမစည်ရာ ကြံစည်ကြခြင်းပင်ဖြစ်သည်။ ကိုဗစ်-၁၉ တားဆီးကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် ကာကွယ်ဆေးထိုးနှံခြင်းများသည် နိုင်ငံရေးတိုက်ကွက်များ မဟုတ်သလို ယင်းတို့ကို မလိုက်နာခြင်းနှင့် ကာကွယ်ဆေးမထိုးခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးရလဒ်များကို ခံစားကြရမည့်သူများမှာ ပြည်သူများသာလျှင် ဖြစ်သည်ကို သာမန်မျှသာ စဉ်းစားတတ်သူပင်လျှင် သိရှိနားလည်ကြသည်။ အကြမ်းဖက်သမားတို့အဖို့ အကြံကုန် ဂဠုန်ဆားချက်သည့်နှယ် ဇီဝအကြမ်းဖက်သည့် လုပ်ရပ်မျိုးကို ပြုလုပ်လာကြခြင်းဖြစ်ရာ အဖျက်အမှောင့်လှုံ့ဆော်မှုဟူသမျှ ပြည်သူတို့က လက်မခံကြရန်နှင့် မိမိအတွက် အကျိုးရှိ၊ မှန်ကန်သည့် သတင်းကိုသာ ရယူကြရန်လိုသည်။

ယခုအခါ ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုတို့ အားကောင်းသည်နှင့်အမျှ ကျဆင်းမည့်အလားအလာများကို တွေ့မြင်နေရသလို ကာကွယ်ဆေးထိုးနှံမှုများမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုလွှမ်းခြုံလျက်ရှိနေပြီဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကို မဝေးတော့သည့် တစ်နေ့တွင် ထိန်းချုပ်တားဆီးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးဇော် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ကေသွယ်လှိုင်<br>ဒုတိယပါမောက္ခချုပ်<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ တင့်မိုးသူဇာ<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# မိုးအသင့်အတင့် ရွာမည်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့် ရှိမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီအဖွဲ့ဝင်များ နေပြည်တော်တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြသည်။ (ယာပုံ)



အဆိုပါ လေ့လာရေးအဖွဲ့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်က စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ရာသီသီးနှံ စိုက်ပျိုးထားရှိမှု၊ ဥစားကြက် မွေးမြူရေးခြံများနှင့် အအေးခန်း ဥစားကြက်မွေးမြူရေးခြံများ၊ အသားတိုးကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံနှင့် အသားတိုးနွား မွေးမြူရေးခြံများ၊ ငါးမွေးမြူရေး ကန်များသို့ လိုက်လံပြသပြီး မွေးမြူထားရှိသည့် အခြေအနေများကိုလည်းကောင်း၊ အစားအစာကျွေးမွေးမှုကိုလည်းကောင်း၊ နွားနို့၊ အသားများနှင့် ကြက်ဥများထွက်ရှိမှုကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထွက်ရှိသော နွားနို့၊ အသားများနှင့် ကြက်ဥများကို တပ်ရင်းတပ်ဖွဲ့မိသားစုများ သာမက ပိုလျှံ၍ ပြည်သူများကိုလည်း ရောင်းချပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးများနှင့် ပြည်နယ် မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် ဩဂုတ် ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအတွက် လိုအပ်သည့် ကာကွယ်ဆေး Sinopharm နှင့် ဆေးပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများ၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ဟားခါးမြို့သို့ ဆေး ၈၄၁ လုံးနှင့် ဆေးထိုးအပ် ၁၆၈၂ ချောင်း၊ ထန်တလန်မြို့သို့ ဆေး ၈၁၆ လုံးနှင့် ဆေးထိုးအပ် ၁၆၃၂ ချောင်း၊ မတူပီမြို့သို့ ဆေး ၉၀၈ လုံးနှင့် ဆေးထိုးအပ် ၁၈၁၆ ချောင်း၊ ဖလမ်းမြို့သို့ ဆေး ၈၁၅ လုံးနှင့် ဆေးထိုးအပ် ၁၆၃၀၊ တီးတိန်မြို့သို့ ဆေး အလုံး ၁၄၂၀ နှင့် ဆေးထိုးအပ် ၂၈၄၀၊ တွန်းဇံမြို့သို့ ဆေးအလုံး ၅၂၀ နှင့် ဆေးထိုးအပ် ၁၀၄၀၊ ကန်ပက်လက်မြို့သို့ ဆေး ၂၂၁ လုံးနှင့် ဆေးထိုးအပ် ၄၄၂ ချောင်း၊ မင်းတပ်မြို့သို့ ဆေး ၈၃၇ လုံးနှင့် ဆေးထိုးအပ် ၁၆၇၄ ချောင်းတို့ကို ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တပ်မတော်လေယာဉ်ဖြင့် ကလေးလေဆိပ်နှင့် ကျောက်ထုလေဆိပ်သို့ ပို့ဆောင်ပေးပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာနေရာများသို့ တပ်မတော်ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထိုသို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော် (လေ) ရှိ ပို့ဆောင်ရေးလေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## Oxygen များကို စနစ်တကျထိန်းသိမ်း၍ ဖြန့်ဝေပေး

ပြည်ပမှ ဝင်ရောက်လာသည့် Oxygen များကို စနစ်တကျထိန်းသိမ်း၍ ဖြန့်ဝေပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် လိုအပ်နေသည့် Test kit များကို တပ်မတော်ရဟတ်ယာဉ်ဖြင့် အမြန်ဆုံးပို့ဆောင်ပေးသွားရန်လိုကြောင်း၊ ဟိုတယ် Quarantine များအတွက် လိုအပ်သည့် SOP ကို တိတိကျကျ ထုတ်ပြန်ပေးသွားရန်နှင့် လုံလောက်သည့် ဆေးအကာအကွယ်နှင့် အောက်ဆီဂျင်ရရှိရေးအတွက် ဌာနများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး**

အာဆီယံ-အီးယူအစည်းအဝေးကို စင်ကာပူနိုင်ငံခြားရေးဝန်ကြီး Vivian Balakrishnan နှင့် အီးယူနိုင်ငံခြားရေးနှင့် မူဝါဒရေးရာ လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Joseph Borrell တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုကို သုံးသပ်ခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပံ့ပိုးလှူဒါန်းမှုများကို ကျေးဇူးတင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်းနှင့် ဘရပ်ဆဲလ်မြို့တွင် ကျင်းပမည့် အာဆီယံ-အီးယူ ဆွေးနွေးဖက် ဆက်ဆံရေး (၄၅) နှစ်ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသည် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် - ၄ (IAI Work Plan IV) ဖော်ဆောင်ရေးအပါအဝင် အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့ကို မြှင့်တင်ရေးမှတစ်ဆင့် ကဏ္ဍစုံဆွေးနွေးမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် အာဆီယံတွင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများ လျော့ပါးစေရေးအတွက် အီးယူ၏ ပံ့ပိုးလှူဒါန်းမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးရာ၌ ပြည်ထောင်စုဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည့် အခြေအနေနှင့် ဥရောပသမဂ္ဂ သို့မဟုတ် နိုင်ငံအသီးသီး၏ ပံ့ပိုးမှုများသည် အာဆီယံသဘောတူညီချက် (၅) ချက်နှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့ကို အထောက်အကူဖြစ်စေရန် အလေးပေးပြောကြားခဲ့ပြီး ယင်းတို့ထက် ကျော်လွန်ဆောင်ရွက်မှုများသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံတို့အတွက် အကူအညီဖြစ်မည် မဟုတ်ကြောင်း အသိပေးပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ အီးယူပြောရေးဆိုခွင့်ရှိသူ၏ ကြေညာချက်တွင် ဖော်ပြထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (non-state actors) ကို ဖော်ပြခြင်းအပါအဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၂၁ ခုနှစ် မေ ၈ ရက်က အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့ပြီးဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် ပြောကြားမှုများကို လက်သင့်မခံကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းသည် အာဆီယံနိုင်ငံခေါင်းဆောင်များ အစည်းအဝေး၏ သဘောတူညီချက်(၅) ချက်ကို ချိုးဖောက်ရာရောက်ကြောင်း ရှင်းလင်းပြောကြားသည်။

**အကူအညီများ ထောက်ပံ့ပေးရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးမှု (meaningful political dialogue) ဆောင်ရွက်ရန် အီးယူ၏ ပြောဆိုချက်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တရားမဝင် အသင်းအဖွဲ့များ မပါ(မပါ)ဝင်သင့်ကြောင်းနှင့် ယင်းသည် ငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် ဖြေရှင်းနည်းဖြစ်လာမည် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်စွာဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်နိုင်ရန် အီးယူမှ မြန်မာနိုင်ငံကို ပံ့ပိုးသင့်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးရေးတွင် AHA Centre နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အလေးပေးပြောကြားသည်။

အဆိုပါ အစည်းအဝေး၌ အာဆီယံ-အီးယူ ညှိနှိုင်းရေးမှူးနိုင်ငံက ASEAN Common Statement ကို ဖတ်ကြားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ ကိစ္စရပ်ကို အထူးပြုထည့်သွင်း မဖော်ပြသင့်ကြောင်းနှင့် နောင်တွင်လည်း ရှောင်ကြဉ်သင့်ကြောင်း၊ ASEAN Common Statement စာပိုဒ် ၂၇ တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ဖော်ပြထားသဖြင့် မြန်မာနိုင်ငံမှ စာပိုဒ် ၂၇ ကို ပါဝင်ပတ်သက်မှုမရှိ၊ လက်မခံကြောင်း ပြည်ထောင်စုဝန်ကြီးက အသိပေးပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (၁၄) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဩဂုတ် ၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၄)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (14th Mekong–Japan Foreign Ministers Meeting)သို့ နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ဓာတ်ပုံ)**

အစည်းအဝေးကို ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Motegi Toshimitsu က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ကာကွယ်ဆေးများရရှိနိုင်ရေး**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားရာတွင် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ (၁၄)နှစ်တာကာလအတွင်း များစွာသော စီမံကိန်းများဖြင့် မဲခေါင်ဒေသတွင်း ပြည်သူများအတွက် အကျိုးကျေးဇူးများ ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပြည်သူအချင်းချင်း ရင်းနှီးချစ်ကြည်မှုတို့ကို ခိုင်မာစေသည့် ကောင်းမွန်သော အခြေခံကောင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားမှုကို ရင်ဆိုင်နေရသည့် ခက်ခဲသော ကာလဖြစ်ပြီး ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်များ အရေးပေါ်လိုအပ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအစိုးရမှ လူနာတင်ယာဉ်များ၊ အောက်ဆီဂျင်စက်များ လှူဒါန်းမှုနှင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေး ပြန်လည်ထူထောင်ရန် COVID-19 Crisis Response Emergency Support Loan အမေရိကန်ဒေါ်လာ သန်း ၂၈၀ ပေးအပ်ခဲ့ခြင်းတို့အပေါ် အထူးကျေးဇူးတင်ရှိကြောင်း၊ COVAX program မှ တစ်ဆင့် ကိုဗစ်ကာကွယ်ဆေးများရရှိနိုင်ရေး ကူညီပံ့ပိုးနိုင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသအတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးအပ်ရာတွင် "တိုကျိုမဟာဗျူဟာ ၂၀၁၈" (Tokyo Strategy 2018) အောင်မြင်မှုများကို ချီးကျူးပြောကြားခဲ့ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာအသစ်ရေးဆွဲရာတွင် ဒစ်ဂျစ်တယ် ဆက်သွယ်ချိတ်ဆက်မှု တိုးမြှင့်ဖော်ဆောင်ရေး၊ ကျန်းမာရေးနှင့် ကာကွယ်ဆေး ထိုးပြီးကြောင်း သက်သေခံ လက်မှတ်များကို အပြန်အလှန် အသိအမှတ်ပြုရေး၊ ခရီးသွားလာရေးအတွက် လိုအပ်သည့် အထောက်အထားနှင့် လုပ်ငန်းစဉ်များ တစ်ပြေးညီဖြစ်စေရေး အစရှိသည့် ဖွဲ့စည်းမှုဆိုင်ရာ ချိတ်ဆက်ညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲသွားရေးတို့ကိုလည်း အကြံပြုဆွေးနွေးသည်။

**လက်ရှိဖြစ်ပေါ်တိုးတက်မှု ဆွေးနွေး**

ထို့အပြင် မဲခေါင်ဒေသအတွင်း လူတိုင်းကျန်းမာရေးဝန်ဆောင်မှု ရရှိစေရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ် အစိတ်အပိုင်းတစ်ရပ်အဖြစ် ကိုဗစ်ကာကွယ်ဆေး ပူးတွဲသုတေသန လုပ်ငန်းများ၊ ကာကွယ်ဆေး ထုတ်လုပ်ရေးအတွက် အကူအညီပေးမှုများ၊ ကာကွယ်ဆေး တစ်ပြေးညီရရှိရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ် တိုးတက်မှုတို့ကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်သည်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသအတွင်း လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုရန် မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ ဂျပန်နိုင်ငံမှ ရန်ပုံငွေနှင့် နည်းပညာအကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အောက်ဆီဂျင်ထုတ်လုပ်မှု အဆက်မပြတ်စေရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည် (Liquid Oxygen) နှင့် အောက်ဆီဂျင်အိုးများ ဖြည့်တင်းပေးသွားမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်သည်များကို မှာကြားသည်။

ယနေ့ စတင်ဖွင့်လှစ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ (Liquid Oxygen Plant) (နေပြည်တော်)သည် မြေအကျယ်အဝန်း အလျား ၁၀၂ ပေ၊ အနံ ၆၆ ပေပေါ်တွင် တည်ဆောက်ထားသည့် Steel Structure အမျိုးအစားဖြစ်ပြီး အောက်ဆီဂျင်ဖြည့်စင်၊ ရုံးခန်းနှင့် သိုလှောင်ခန်းတို့ ပါဝင်သည့် အဆောက်အဦနှစ်လုံးပါဝင်ကာ ၁၀ မိနစ်လျှင် လီတာ ၄၀ ဆံ့အိုး ၁၀ လုံး ထုတ်လုပ်နိုင်ကြောင်းနှင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး ၉၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

**(20) Ton Liquid Oxygen Factory**

| | |
|---|---|
| Liquid Oxygen Tank အလှူရှင်နှင့် ပစ္စည်းတင်သွင်းသည့် ကုမ္ပဏီ | Envirogreen Manufacturing Co.,Ltd. |
| ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီ | Xinxiang Chengde Energy Technology Equipment Co., Ltd. |
| တပ်ဆင်ရေး၊ တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေး ဆောင်ရွက်မည့်ကုမ္ပဏီ | Kitajima Co., Ltd. |



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးရွှေလေးတို့ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထို့ပြင် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ (Liquid Oxygen Plant) (နေပြည်တော်) မှ ထွက်ရှိသည့် အောက်ဆီဂျင်အိုးများကို နေပြည်တော်ရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ အဓိက ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပိုလျှံပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကိုဗစ်စင်တာများ ဖွင့်လှစ်မှုအခြေအနေ၊ ကိုဗစ်စင်တာများဖွင့်လှစ်ရာတွင် အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အောက်ဆီဂျင်လိုအပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမှန်ကန်စေရေးနှင့် အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်မှု မရှိစေရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပထမအချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှစပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသည့် ပြည်သူများကို ဖောင်ကြီးစင်တာ၊ ရိုးမစင်တာတို့ဖွင့်၍ စတင်လက်ခံခဲ့ကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ အကူအညီဖြင့် ဆေးတပ်ဖွဲ့မှ ဆရာဝန်ကြီးအပါအဝင် အင်အား ၄၀ ဖြင့် ဖောင်ကြီးစင်တာတွင် ကုသရေး လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ပေးနေကြောင်း။

ဇွန်လ နောက်ဆုံးပတ်ကစပြီး ကိုဗစ်-၁၉ တတိယလှိုင်းကို ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စတင်တွေ့ရှိလာကြောင်း၊ ဇူလိုင်လဆန်းမှစ၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် ရန်ကုန်တိုင်း အတွင်း တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်း၊ မြင့်တက်လာသည့်အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လှည်းကူးဖောင်ကြီးစင်တာ၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ အင်းယားစင်တာ၊ MCC စင်တာ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရိုးမရိပ်သာ စင်တာ၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏကုသရေး စင်တာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်မြင့်မိုရ် ကုသရေးစင်တာ၊ လှိုင်ကုသရေးစင်တာ၊ ရန်ကင်း ပညာရေးကောလိပ်၊ ဆရာတော် သံဃာတော်များ အတွက် အင်းစိန် မင်းဓမ္မ သီရိမင်္ဂ သာသနာ့ဗိမာန်၊ မရမ်းကုန်း ကမ္ဘာအေး သံဃာ့ဆေးရုံများတွင် ဆရာ တော် သံဃာတော်များအတွက် ခုတင် ၃၀၀၊ ပြည်သူ များအတွက် ခုတင် ၇၅၇၀ ကို ကုသရေးစင်တာများ တွင် ပြင်ဆင်ကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး ရှင်းလင်းပြောကြားစဉ်။

တတိယလှိုင်းတွင် အဓိကလိုအပ်ချက်မှာ အောက်ဆီဂျင်ဖြစ်သည့်အတွက် ကုသရေးစင်တာ များတွင် အောက်ဆီဂျင်ရှူနိုင်ရန် လိုင်းများဆွဲပြီး ဆောင်ရွက်ပေးကြောင်း၊ အောက်ဆီဂျင်အိုးများနှင့် Flow Meter ဖြင့် ရှူနိုင်ရန်လည်း ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ အောက်ဆီဂျင် Concentrator များကိုလည်း ပြည်ပမှ မှာယူတင်သွင်းပြီး အလှူရှင် များပါဝင်ပူးပေါင်းကာ အောက်ဆီဂျင်ရရှိရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆရာ တော်သံဃာတော်များ၊ ဆေးကုသနေသည့် လူနာ များ၊ လူနာများကို ကူညီဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့များ၊ ဆရာဝန်များ၊ ဆရာမများ၊ သူနာပြု များအားလုံးကိုလည်း နေ့စဉ်ကျွေးမွေးရေးကိစ္စများကို အစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးနေကြောင်း။

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၏ အဓိက လိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်နှင့် လူသား အရင်းအမြစ် (Human Resources) တို့သည် စိန်ခေါ်မှုအကြီးဆုံးကိစ္စများဖြစ်ကြောင်း၊ အောက်ဆီ ဂျင်နှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် တာဝန်ယူပြီး ဖြည့်ဆည်းပေးသကဲ့သို့ အချို့အလှူရှင်များက ၎င်းတို့ တတ်နိုင်သည့်ဘက်မှ ပါဝင်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဂျပန်ဆေးရုံကြီး၊ မြောက်ဥက္ကလာ မေတ္တာဝီနှင့် ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာရှိ မိခင်နှင့်ကလေးဆေးရုံ၊ သင်္ဃန်း ကျွန်းဆေးရုံကြီး၊ ယင်းဆေးရုံကြီးများအတွက် အောက်ဆီဂျင်လိုအပ်ချက် ၂၅ တန်ခန့် ဖြည့်ဆည်း ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ပြင် ရန်ကုန် တိုင်းအတွင်းရှိ ခရိုင်အဆင့် ဆေးရုံကြီးများ၊ မြို့နယ်အဆင့် ဆေးရုံကြီးများ၏ အောက်ဆီဂျင် လိုအပ်ချက်မှာလည်း များစွာရှိနေကြောင်း၊ ယခင် ကွာရန်တင်းစင်တာများကိုလည်း ယနေ့တွင် အောက်ဆီဂျင်ရှူနိုင်သည့် ကုသရေးစင်တာအဖြစ် ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ပြည်သူ လူထု၏ လိုအပ်ချက်ဖြစ်သည့် ဆေးနှင့် ဆေးပစ္စည်း များ၊ ဆေးရုံသုံးပစ္စည်းများ၊ အောက်ဆီဂျင်နှင့် ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသည့်နေရာ တွင် မူလက ၁၅ ရာခိုင်နှုန်း အခွန်ကောက်ရာမှ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချပြီး မြန်မြန် ဆန်ဆန် နိုင်ငံအတွင်း ရောက်ရှိနိုင်ရန် စီမံဆောင်ရွက် ပေးနေကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အခမဲ့တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ သက်ဆိုင်ရာ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အကောက်ခွန် နှင့်ပတ်သက်ပြီး ပစ္စည်းရောက်သည်နှင့် ချက်ချင်း ထုတ်ယူနိုင်ရန် စီမံဆောင်ရွက်ပေးနေကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန(FDA)နှင့် ပတ်သက်ပြီး နိုင်ငံတကာ ဓာတ်ခွဲ ခန်းများက အသိအမှတ်ပြုထားသည့် ဆေးနှင့် ဆေးပစ္စည်း၊ ဆေးဝါးကုန်ကြမ်း အစရှိသည့် ဆေးရုံသုံးပစ္စည်း၊ ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းများကို FDA ကင်းလွတ်တင်သွင်းခွင့် ပေးထားကြောင်း၊ ယင်းသို့တင်သွင်းခွင့်နှင့် ဥပဒေ အရ ဖြေလျှော့မှုများသည် အမှန်တကယ် ပြည်သူများ ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိရန်၊ ဈေးနှုန်း ကြီးမြင့်မှုများ မဖြစ်ပေါ်ရန် စီမံဆောင်ရွက်ပေးခဲ့ ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးတင်သွင်းသူ၊ ဆေးဝါးကုမ္ပဏီများ၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ ပါဝင်ပူးပေါင်းပြီး အခြေခံပြည်သူလူထု အသုံးများ သည့်ဆေးဝါးပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှု မရှိစေ ရန် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြေခံ စားကုန်ဈေးနှုန်းများနှင့် ပတ်သက်၍ ပြီးခဲ့သည့်ကာလတွင် ကြက်ဥဈေးနှုန်း မြင့်တက် သွားသည်ကိုတွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး ကြက်ဥ များကို ရပ်ကွက်များ၊ ဈေးများတွင် သက်သာသည့် ဈေးနှုန်းဖြင့် ချက်ချင်းရောင်းချဖြေရှင်းနိုင်သည့် အတွက် ကြက်ဥဈေး ပြန်လည်ကျဆင်းသွားပြီ ဖြစ်ကြောင်း။

ယခုအချိန်တွင် ကုသရေးပိုင်းတွင် အားနည်း နေသည့် လူသားအရင်းအမြစ်များ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စည်းရုံးဆောင်ရွက်နေသကဲ့သို့ အခြားပံ့ပိုးကူညီမှု များပေးပြီး ပြည်သူလူထု ကုသမှုအပြည့်အဝရရှိရေး အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တပ်မတော် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က နေ့စဉ် စဉ်ဆက် မပြတ် တွေ့ဆုံညှိနှိုင်းပေါင်းစပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ရန်ကုန်မြို့အပါအဝင် နယ်အသီးသီးတွင် ပြည်သူများ သေဆုံးမှုနှုန်း မြင့်တက်ခဲ့ကြောင်း၊ ယခု ဇူလိုင် ၂၄ ရက်မှစပြီး ပြန်ပြီးကျဆင်းလာသည့်အတွက် ကိုဗစ်-၁၉ တတိယလှိုင်းကို အပြည့်အဝမဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ဆောင်ရွက် နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်း များမှ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ စီးပွားရေးရာ ဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားပြီး ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင် က ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ဖိတ်ကြား ထားကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း - မာမာကြီး၊ ဓာတ်ပုံ - ကိုကိုဇော်**

---

❒ *ကျော့ဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၈၁) ခု | (၂၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂) ခု | (၃၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၁) ခု | (၁၃၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃) ခု | (၆၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁၆) ခု | (၃၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၃) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၃၁) ခု | (၆၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၀၆၈) ခု | (၂,၃၂၈) ဦး |
| **စုစုပေါင်း** | (၁၁,၉၃၅) ခု | (၃,၅၈၈) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြော ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူ ရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်း ဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေး ခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများ အားအသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း သိကောင်းစရာ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့

ဥပဒေဆိုင်ရာနီတိတစ်ခုတွင် "Ignorance of fact excuses; ignorance of law does not excuse " ဟု ရှိပါသည်။ ဤဥပဒေနီတိကို ဥပဒေပညာရှင် ဦးမြင့်ဝင်း(ရွှေဘို)က " **အကြောင်းခြင်းရာအချက်အလက်ကို မသိနားမလည်မှုသည် ခွင့်လွှတ်ရာဖြစ်သည်။ ဥပဒေကို မသိနားမလည်မှုကိုမူ ခွင့်လွှတ်ရာမဟုတ်**" ဟု မြန်မာဘာသာဖြင့် ပြန်ဆိုထားသည်။ မြန်မာနိုင်ငံ၏ တည်ဆဲရာဇသတ်ကြီး ဥပဒေပုဒ်မ ၇၆၊ ပုဒ်မ ၇၉ တို့တွင် ဤအချက်များကိုပင် ပြဋ္ဌာန်းထားပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄) တွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက အနည်းဆုံးထောင်ဒဏ် (၁)နှစ် သို့မဟုတ် (၃)နှစ် သို့မဟုတ် (၅)နှစ် သို့မဟုတ် (၇)နှစ် သို့မဟုတ် (၁၀)နှစ်နှင့် ငွေဒဏ်များကိုလည်း ချမှတ်ခြင်းခံရမည့်အပြင် အများဆုံး ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရနိုင်သည်ကို မြန်မာနိုင်ငံသားများ သိရှိရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံသားများ သိသင့်သိထိုက်သော အကြမ်းဖက်မှုနှိမ်နင်းရေးဥပဒေပါ အရေးကြီးသည့် ဖွင့်ဆိုချက်များ၊ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို ကောက်နုတ်တင်ပြရပါသည်။

### အကြမ်းဖက်သမား

အကြမ်းဖက်သမားဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန်အားထုတ်သူကို လည်းကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါအဖြစ် ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော် လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်း ဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)။ ပုဒ်မခွဲငယ် (၁၀)၊ ပုဒ်မခွဲငယ် (၁၈) (ပ)]

### အကြမ်းဖက်အုပ်စု

အကြမ်းဖက်အုပ်စုဆိုသည်မှာ အကြမ်းဖက်မှုကို ကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက် ပါဝင်သောအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ လည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁၈) (ဖ)]

### လှုံ့ဆော်မှု

လှုံ့ဆော်မှုဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရေးအတွက် လှုံ့ဆော်ရန်ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်ကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေဖြန့်ဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြားမြင်သိရှိစေခြင်းကို ဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဗ)။]

### ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း

ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုသည်မှာ အောက်ပါပစ္စည်းတို့ကိုဆိုသည်- (၁) သူတစ်ဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာ ပျက်စီးဆုံးရှုံးစေရန်သော် လည်းကောင်း ပုံစံရေးဆွဲတီထွင် ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်စေတတ်သောလက်နက် သို့မဟုတ် ပစ္စည်း ကိရိယာ၊ (၂) အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ထုတ်လွှင့်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော် လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာပျက်စီးဆုံးရှုံးစေရန်သော် လည်းကောင်း၊ ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဒ)။]

### ရန်ပုံငွေ

ရန်ပုံငွေဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည်- (၁) ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ တစ်နည်းနည်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ ငွေရေးကြေးရေးပိုင်ဆိုင်မှုများနှင့် စီးပွားရေးအရင်းအမြစ်များ၊ (၂) ဘဏ်အပ်နှံငွေများ၊ ခရီးသွား ချက်လက်မှတ်များ၊ ဘဏ်ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ဘဏ်ငွေလွှဲလွှာများနှင့် ငွေထုတ်ပေးခွင့်စာများ အပါအဝင် မည်သည့် အီလက်ထရောနစ် သို့မဟုတ် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်မဆို ရှိသည့်ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးအမြတ်များအတွက် အထောက်အထားဖြစ်သော တရားဝင်စာတမ်းအမှတ်အသားများ သို့မဟုတ် စာချုပ်စာတမ်းများ။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ယ)။]

❑ **မည်သူမဆို အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံများကိုဖြစ်စေ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်များကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀) နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀)။]**

### ဗဟိုအဖွဲ့

ဗဟိုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဂ)။]

### တပ်ဖွဲ့ဝင်များ

တပ်ဖွဲ့ဝင်များဆိုသည်မှာ အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် အရေးယူရေးတို့အတွက် ဤဥပဒေအရဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့ဝင်များကို ဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (လ)။]

### ထောင်ဒဏ်တစ်သက်

ထောင်ဒဏ်တစ်သက်ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေသည့်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဘ)။]

### အများပြည်သူ အသုံးပြုသည့်နေရာ

အများပြည်သူအသုံးပြုသည့်နေရာဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစိုးရဆိုင်ရာကိစ္စ၊ ဖျော်ဖြေမှု၊ အပန်းဖြေမှု စသည့်ကိစ္စများအတွက် အချိန်ကာလအပိုင်းအခြား တစ်ခုခုအတွက်ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ။ တစ်ချိန်ဆက်တည်းဖြစ်စေ အများပြည်သူ ဝင်ထွက်ခွင့်၊ အသုံးပြုခွင့်ရှိသော အဆောက်အအုံ၊ မြေနေရာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်း သို့မဟုတ် အလားတူနေရာ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (မ)။]

### အကြမ်းဖက်မှုဆိုင်ရာ ပြစ်ဒဏ်များ

မည်သူမဆို အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု တစ်ခုခုကို၏ အဖွဲ့ဝင်ကိုဖြစ်စေ၊ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ ဖောက်ဖျက်ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၃)နှစ်မှ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈)။]

မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်များကို အရောင်းအဝယ်ပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃) နှစ်မှ (၇) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ၊ (င)။]

မည်သူမဆို အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃) နှစ်မှ (၇) နှစ် အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ၊ (စ)။]

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှင် သို့မဟုတ် လွှဲပြောင်းရန် အားထုတ်လျှင်သော်လည်းကောင်း၊ ထိုသို့ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်လျှင်သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၃) နှစ်မှ အများဆုံး ထောင်ဒဏ် (၇) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)။]

မည်သူမဆို အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံများကိုဖြစ်စေ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်များကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀)။]

အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ **လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊** ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ **ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ** သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့် ပြုလုပ်မှုများ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀) နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂)။]

မည်သူမဆို အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁၀) နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၃)။]

မည်သူမဆို အကြမ်းဖက်ရန်ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် အကြမ်းဖက်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင်၊ ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [(အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၄)။]

အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၃) နှစ်မှ အများဆုံးထောင်ဒဏ် (၇) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၅။ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၂၁/၂၀၂၁)ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ။)

မည်သူမဆို အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၆။)

မည်သူမဆို အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အပေါ် လူသတ်မှု၊ လူပြန်ပေးမှု သို့မဟုတ် ယင်း၏ခန္ဓာကိုယ်ကို အခြားနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် လွတ်လပ်ခွင့်ကို ထိခိုက်နစ်နာစေမှု၊ အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ လွပ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန်ရည်ရွယ်၍ ယင်း၏တရားဝင်ပရဝဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့်ယာဉ်ကို ပြင်းထန်စွာ ထိခိုက်စွာ ထိခိုက်နစ်နာစေမှု **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၅)နှစ်မှ အများဆုံးထောင်ဒဏ်(၁၀) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် (ခ)။]

မည်သူမဆို ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှု ပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှုမြောက်သည်။ ဤပုဒ်မ ၃၅၊ ပုဒ်မခွဲ(က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှုကို ကျူးလွန်ရာရောက်သဖြင့် **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၅) နှစ်မှ အများဆုံးထောင်ဒဏ် (၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် (ခ)။]

မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန်သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေရန်သော်လည်းကောင်း၊ ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုမြောက်သည် – (က) အများပြည်သူ အသုံးပြုနေသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကိုပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှု၊ (ခ) ပုဒ်မခွဲ (က) ၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ (ဂ)အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှုတို့ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ အများဆုံးထောင်ဒဏ် (၁၀)နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ၊ (က) (ခ) နှင့် (ဂ)။]

မည်သူမဆို အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃) နှစ်မှ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၇။)

## အများဆုံးပြစ်ဒဏ်ချမှတ်ခြင်း

အကြမ်းဖက်မှုပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယခင်ကလည်း အကြမ်းဖက်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။ (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅။)

## အကြမ်းဖက်မှုကို နိုင်ငံရေးပြစ်မှုဟု မှတ်ယူ၍မရ

ဤ "အကြမ်းဖက်မှုတိုက်ဖျက်ရေး" ဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ။ [အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (က)။]

## အကြမ်းဖက်မှုများကို အရေးယူခြင်း

တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။ (အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆၉။)

# ခရမ်းမြို့နယ်၌ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ အစိုးရ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး

**ခရမ်း ဩဂုတ် ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ယနေ့နံနက် ၈ နာရီက စတင်ပြီး အမှတ်(၂)ရပ်ကွက် သကျမာရဇိန်သွန်းဘုရားကြီး ဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ အသက် ၆၅ နှစ် အထက် သက်ကြီးဘိုးဘွားများ၊ အစိုးရ၊ ပုဂ္ဂလိက ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ကို ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရမ်းမြို့နယ်၌ အသက် ၆၅ နှစ်အထက် အဘိုး၊ အဘွား စုစုပေါင်း တစ်သောင်းကျော်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် အသက် ၆၅ နှစ်နှင့်အထက် ဆရာတော်သံဃာတော်များ၊ အဘိုးအဘွားများ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကဆေးရုံဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဘဏ်လုပ်ငန်းများမှ ဝန်ထမ်းများကို ဩဂုတ် ၁ ရက်မှ စတင်ပြီး ဆေးထိုးအဖွဲ့ ငါးဖွဲ့ဖြင့် ရပ်ကွက်၊ ကျေးရွာ သတ်မှတ်ရက်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကို ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ခရမ်းမြို့နယ်အနေဖြင့် ပထမအကြိမ် ထိုးနှံသော ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး Covidshield ကို လူဦးရေ ၄၈၃၃ ဦးအား ထိုးပေးနိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ် ထိုးနှံမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm အား လူဦးရေ ၃၂၀၀ ကို လတ်တလော ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်ရှိနေသော ပြည်သူလူထုများကိုလည်း ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်တွင် လူဦးရေ ၂၁၆ ဦး၊ ၂ ရက်တွင် ၂၈၈ ဦး၊ ၃ ရက်တွင် ၄၆၆ ဦး၊ ၄ ရက်တွင် ၅၀၈ ဦး၊ ၅ ရက်တွင် ၃၀၂ ဦး ထိုးနှံပေးပြီး ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုထိုးနှံပေးတဲ့ တရုတ်နိုင်ငံထုတ် ကာကွယ်ဆေး Sinopharm ကို WHO က အသုံးပြုခွင့်ပေးထားပြီး လက်ရှိမှာ နိုင်ငံပေါင်း ၈၀ ကျော် အသုံးပြုနေကြပြီလို့ သိရပါတယ်။ ရောဂါကာကွယ်နိုင်စွမ်းက နိုင်ငံအပေါ်လိုက်ပြီး ကိုဗစ် ဆိုးဆိုးရွားရွား အခြေအနေမရောက်အောင်၊ ကိုဗစ်ကြောင့် ဆေးရုံတက်ရတာမျိုးမဖြစ်အောင် ကာကွယ်နိုင်ပါတယ်"ဟု ခရမ်းမြို့နယ် မြို့မကျန်းမာရေးမှူးထံမှ သိရသည်။

**ကိုမင်း (ခရမ်း)**

# ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၆

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဖြစ်စေ၊ နီးစပ်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေး ကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်း ဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်)<br>၀၉-၉၅၁၄၉၅၄၀၉<br>(Viber-ယင်းမာပင်ခရိုင်)<br>၀၉-၈၉၄၄၃၇၂၂၄<br>(Viber-ကသာခရိုင်)<br>၀၉-၄၀၂၅၀၈၄၆၈<br>(Viber-ကလေးခရိုင်)<br>၀၉-၈၈၀၀၈၇၃၄၀<br>(Viber-ခန္တီးခရိုင်)<br>၀၉-၅၁၉၀၄၈၁<br>(Viber-မော်လိုက်ခရိုင်)<br>၀၉-၂၅၆၅၉၆၈၈၉<br>(Viber-တမူးခရိုင်) | mpf-sagaing@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi@e-moha.gov.mm | |
| ၈ | ပဲခူးတိုင်း ဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၁၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago@e-moha.gov.mm | |
| ၉ | မကွေးတိုင်း ဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway@e-moha.gov.mm | |

စာမျက်နှာ ၉ သို့

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တစ်ပိုင်တစ်နိုင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုအားပေး



**ထားဝယ် ဩဂုတ် ၆**

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် အမှတ်(၉၂၄) ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ရင်းဒေသအတွက် လိုအပ်လျက်ရှိသော သားငါးဖြည့်တင်းနိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နေသူများအား ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ရှိ နို့စားနွား၊ ဥစားကြက်နှင့် ဝက်မွေးမြူရေးခြံသို့လည်းကောင်း၊ တစ်ရှူးငှက်ပျောပင် စိုက်ပျိုးရေးခြံသို့ လည်းကောင်း အမှတ်(၉၂၄) ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ရင်းရှိ ဆိတ်၊ နွားနှင့် ဘဲမွေးမြူရေးခြံသို့ လည်းကောင်း တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ထားဝယ်မြို့ မြို့တော်ခန်းမ၌ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများ၊ အစိုးရ/ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ကာကွယ်ဆေး မထိုးနှံရသေးသည့်သူများအား စနစ်တကျ ထိုးနှံပေးနေမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon@e-moha.gov.mm | |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine@e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်)<br>၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | mpf-yangon@e-moha.gov.mm | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆက်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan@e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟင်္သာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပွတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy@e-moha.gov.mm | |

# ခဲလေသမျှ သဲရေကျခဲ့ရသည့် ထိုငါးနှစ်

မဲဆန္ဒရှင်တစ်ဦး

၃၀ မတ် ၂၀၁၆။ ထိုနေ့သည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမဲပေးခဲ့မှုဖြင့် အနိုင်ရရှိခဲ့သော NLD ပါတီက နိုင်ငံတော်အာဏာအရပ်ရပ်ကို တရားဝင်စတင်လက်ခံရယူခဲ့သည့်နေ့ ဖြစ်သည်။ တစ်နည်းအားဖြင့် NLD ပါတီ၏ အာဏာနိုင်ငံရေးလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းခဲ့ သည့် သမိုင်းဝင်နေ့တစ်နေ့လည်း ဖြစ်သည်။

၂၀၁၀-၂၀၁၅ ငါးနှစ်တာကာလအတွင်း အစိုးရအဖွဲ့တာဝန်ကိုရယူခဲ့သည့် ပြည်ခိုင်ဖြိုးပါတီအဖို့မူ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ရွေးကောက်ခံအစိုးရတစ်ရပ်မှ အခြားပါတီတစ်ခု၏ ရွေးကောက်ခံအစိုးရတစ်ရပ်သို့ ပထမအကြိမ် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးခဲ့သည့် သမိုင်းအစဉ်အလာကောင်းတစ်ရပ်ကို ရေးထိုးလိုက်သော သမိုင်းဝင်နေ့တစ်နေ့ဟုဆိုရပါမည်။

နိုင်ငံတော်သမ္မတရုံး၏ နိုင်ငံတော်သမ္မတ အဆောင်အယောင်ပလ္လင်ရှေ့ဝယ် လက်ရှိသမ္မတ ဦးသိန်းစိန်က အသစ်စက်စက်သမ္မတဖြစ်လာသူ ဦးထင်ကျော်ကို အာဏာလွှဲပြောင်းပေးအပ်သည့် သမိုင်းဝင်အခမ်းအနားကို စာရေးသူအပါအဝင် တစ်နိုင်ငံလုံးက ကြည်နူးဝမ်းမြောက်စွာ ကြည့်ရှုအားပေးခဲ့ကြသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထိုစဉ်က ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ကြေညာချက်အမှတ်(၃)ဖြင့် မှတ်ပုံတင်ခွင့်ပြုချက်အရ တရားဝင်ပါတီဖြစ်လာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy-NLD) ပါတီ၏ ၂၈ နှစ်တာ မြန်မာ့ဒီမိုကရေစီခရီးကြမ်းကို လျှောက်လှမ်းခဲ့သော တာဝေးအပြေးသမားတစ်ဦးအဖို့ ပန်းအဝင်သည် ထိုက်တန်လှသည်ဟု ထိုစဉ်က ထင်ခဲ့သည်။

ထိုသို့ ပန်းအဝင်လှစေရေးအတွက်လည်း စာရေးသူအပါအဝင် မဲဆန္ဒရှင်အများစုသည် ရှေ့ငါးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုပေါင်းများစွာဖြင့် ခြေပေါ်အောင် ကစားခဲ့ကြသော သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ပြည်ခိုင်ဖြိုးအစိုးရကို လက်တွဲဖြုတ်ကာ NLD ပါတီကို တစ်ခဲနက် အားပေးခဲ့ကြပါသည်။ တစ်နည်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးချစ်မြတ်နိုးမှု၊ NLD ပါတီအပေါ် ကရုဏာသက်မှုတို့က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဆုံးဖြတ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

၂၀၁၆ ခုနှစ် နွေဦးအလွန်တစ်ခုသော ညနေခင်း။ ရန်ကုန်မြို့လယ် မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံဝင်းရှိ နီယွန်မီးများကြောင့် မြို့တော်၏နေဝင်ရီတရောညနေခင်းသည် လှပနေသည်။

**"ရန်ကုန်မြို့ကြီးက ဒီလိုဆိုတော့ လှသားပဲ"**

ရုံးမှအပြန် ဘတ်စ်ကားထိုင်ခုံဘေးရှိ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ ဖော်ပြပါမှတ်ချက်စကားကြောင့် စာရေးသူ၏ ပြန့်ကျဲနေသောအတွေးတို့သည် တိခနဲရပ်သွားသည်။ မျက်ဝန်းတစ်စုံက မြို့ပြအလှဆီ ဦးတည်သွားသည်။ ဟုတ်ပေသားပဲ။ ရန်ကုန်မြို့ကြီးက လှပနေပါရော့လား။

**"အင်း၊ ရန်ကုန်မြို့ကြီးလှပသလို ရန်ကုန်သားတွေရဲ့ ဘဝတွေလည်းလှပဖို့ လိုတယ်နော်"**

ဘာရယ်မဟုတ်၊ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်နိုင်ငံကို ဒေသတွင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးလိုစိတ်၊ တိုးတက်ကြီးပွားလိုစိတ်တို့ဖြင့် လွှတ်ခနဲပြောမိလေခြင်းမျှသာ။

**"ချမ်းသာချင်ရင် ပညာတတ်အောင်သင်လေ"**

ရှေ့ထိုင်ခုံမှ ရုတ်တရက်ထွက်ပေါ်လာသော ငေါ့တူးတူးလေသံကြောင့် စာရေးသူ မှင်တက်သွားသည်။ ဖျတ်ခနဲ သူ့ကို အကဲခတ်ကြည့်လိုက်တော့ ရှပ်အင်္ကျီလည်ကတုံးအဖြူနှင့် ဆံပင်ကျစ်ဆံမြီးနှင့် မည်းမည်းပိန်ပိန်လူလတ်ပိုင်းတစ်ယောက်။ စာရေးသူလည်း စကားတုံ့ဖလှယ် ပြန်ပြောချင်စိတ်မရှိ၍ ဘာမျှ တုံ့ပြန်မပြောတော့။ နှုတ်ခမ်းထောင့်လေးကွေးရုံမျှသာ ပြုံးသည်ဆိုမလား၊ မဲ့သည်ဆိုရမလား မသိ တုံ့ပြန်မိပါ၏။

ဆိုရလျှင် လွန်ခဲ့သောငါးနှစ်က အရှိန်ရစပြုလာသော လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်(Freedom of Opinion)၊ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့် (Freedom of Expression)တို့သည် အရပ်သားဒီမိုကရေစီအစိုးရသစ်သက်တမ်း ကန့်လန့်ကာဖွင့်စမှာပင် ဒီမိုကရေစီကိုချစ်ခင်မြတ်နိုးလှပါသည်ဆိုသော ပါတီဝန်းရံထောက်ခံသူများ လက်ခံထားသည့် ဒီမိုကရေစီစံနှုန်းများနှင့် စတင်မိတ်ဆက်ထိတွေ့လိုက်ရခြင်းဖြစ်ပါသည်။

မည်သို့ဆိုစေ အပြောင်းအလဲကို အာသာငမ်းငမ်း မွတ်သိပ်နေသောစာရေးသူသည် NLD အစိုးရသစ်၏ တိုင်းပြုပြည်ပြု ပြုပြင်ပြောင်းလဲမှု ခြေလှမ်းများကိုသာ ငံ့လင့်စောင့်မျှော်လေ့လာနေပါ၏။

အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းပေါ်ထွက်လာသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက **"မြန်မာ့စီးပွားရေးကို ဂျက်လေယာဉ်ပျံကြီးကဲ့သို့ သုံးလအတွင်း ပျံသန်းပြမည်"**ဟု ကြုံးဝါး၏။ သို့တစေ ဒီမိုကရေစီနိုင်ငံကြီးများနည်းတူ အစိုးရသစ်၏ ပျားရည်ဆမ်းကာလတွင် ဒီမိုကရေစီကျင့်ဝတ်စံနှုန်းများအရ နိုင်ငံရေးရင့်ကျက်သူ၊ နိုင်ငံရေးသဘောသဘာဝကို တီးမိခေါက်မိသူတိုင်းက ဝေဖန်သမှု မပြုခဲ့ကြ။

**ပုံရိပ်များ လူမှုကွန်ရက်တွင် တွေ့မြင်လာရ**

နေပြည်တော်မြို့တော်ဝန်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ဘီးလေးတွေကိုယ်စီဖြင့်ရုံးတက်ပြသည့် ပုံရိပ်များ၊ ဖက်နှင့်ထမင်းစားပြ၊ အိမ်သာဆေးပြသည့် လွှတ်တော်ကိုယ်စားလှယ်အချို့၏ပုံရိပ်များလည်း လူမှုကွန်ရက်တွင် ပလူပျံအောင်တွေ့မြင်လာရပြန်သည်။

အနည်းငယ်တော့ စိတ်ပျက်စပြုလာသည်။ စာရေးသူခံယူမိသည်က ခေါင်းဆောင်သည် နောက်လိုက်ပြည်သူများ ကန်စွန်းရွက်စားနေရသည်ကို ငါလည်း အေးအတူ ပူအမျှ မျှဝေခံစားနေပါသည်လုပ်ဖို့မဟုတ်၊ ကန်စွန်းရွက်စားနေသူများ ကြက်သားဟင်းနှင့် စားသောက်နိုင်ရန် နည်းပေးလမ်းပြ ဦးဆောင်ပေးရမည့်အလုပ်သာ ဖြစ်သည်ဟု ခံယူထား၍ဖြစ်ပါသည်။

> ❍ ၂၀၁၅-၂၀၂၀ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် တစ်နှစ်ပြီးတစ်နှစ် အရှိန်ရစပြုလာသည်။ ကိုယ်တင်မြှောက်ခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ မြို့နယ်အကျိုး၊ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပြန်လည်ငဲ့စောင်းကြည့်မိ

**မြို့နယ်အကျိုး၊ မဲဆန္ဒရှင်များ၏ အကျိုး ပြန်လည်ငဲ့စောင်းကြည့်မိ**

၂၀၁၅-၂၀၂၀ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် တစ်နှစ်ပြီးတစ်နှစ် အရှိန်ရစပြုလာသည်။ ကိုယ်တင်မြှောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မြို့နယ်အကျိုး၊ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပြန်လည်ငဲ့စောင်းကြည့်မိပြန်ပါသည်။

မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရသေး၊ ငြိမ်ချက်သားကောင်းနေသည်။ (လွှတ်တော်သက်တမ်းငါးနှစ်အတွင်း မှတ်မှတ်ရရလှုပ်ရှားမှုဟူ၍ လေး၊ ငါး၊ ခြောက်ကြိမ်မျှသာ။) ၂၀၁၀ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း မေးခွန်းပေါင်း ၁၇၀ ကျော်၊ အဆိုပေါင်း ၃၀ နှင့် ဥပဒေကြမ်း ၂၈ ခု တင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်းကို စိတ်ထဲက အားနာမိသည်။

ဆိုရပါလျှင် လွှတ်တော်သက်တမ်း နှစ်ရပ်ကို အချက်အလက်၊ မှတ်တမ်းမှတ်ရာများနှင့်တကွ နှိုင်းယှဉ်ချိန်ထိုး သုံးသပ်ပါမူ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှ လွှတ်တော်ကိုယ်စားလှယ်အများစုသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေး၊ အစိုးရကို ထိန်းကျောင်းရေးနှင့် မဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို ဆောင်ရွက်ရေးလုပ်ငန်းတာဝန်များအား ပီပီပြင်ပြင် မလုပ်ဆောင်နိုင်ခဲ့ချေ။

အုပ်ချုပ်ရေးအပိုင်းတွင်လည်း လွှတ်တော်၊ ပါတီတို့နှင့် ရောထွေးယှက်နွယ်နေ၍ အုပ်ချုပ်ရေးအပိုင်းမှ တာဝန်ရှိသူအများစုမှာ ဘယ်သူ့စကားနားထောင်ရပ့ါ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိလောက်အောင် ဝေဝါးခဲ့ကြရသည်။ အစိုးရ၏ကိစ္စကို အာဏာရပါတီမှ ပြောရေးဆိုခွင့်ရှိသူက ဒိုင်ခံပြောဆိုဖြေရှင်းနေသည်။

ထိုကိစ္စများနှင့်ပတ်သက်၍ ၂၀၁၀ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွန့်က ဒုတိယအကြိမ် လွှတ်တော်သက်တမ်းစတင်၍ ငါးလ၊ ခြောက်လခန့်အကြာတွင် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ **"ဒုတိယအကြိမ် လွှတ်တော်က ပထမအကြိမ် လွှတ်တော်နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ တစ်ဦးတစ်ယောက်ရဲ့ ခေါင်းဆောင်မှုအောက်မှာ လှုပ်ရှားနေရတဲ့အတွက် ဒီနေ့ဆိုရင် အုပ်ချုပ်ရေးနဲ့ဥပဒေပြုရေးအခန်းကဏ္ဍက သဲကွဲပြီးရပ်တည်ရမယ့်အစားရောထွေးနေတယ်လို့ ကျွန်တော်မြင်တယ်။ ဥပမာနမူနာတစ်ခု ပြောမယ်ဗျာ။ နိုင်ငံခြားရေးနဲ့ သမ္မတရုံး ပြည်ထောင်စုဝန်ကြီးလုပ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ တစ်ချိန်တည်းမှာ လွှတ်တော်လုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီမှာလည်း ဥက္ကဋ္ဌ သွားလုပ်နေတယ်။ ကျွန်တော်တို့ ဥပဒေအရ လူတစ်ယောက်ဟာ အုပ်ချုပ်ရေးနဲ့ဥပဒေပြုရေးနှစ်ခုမှာ လုပ်လို့မှမရဘဲ။ အဲဒီအပြင် ဘာပဲပြောပြော နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ပြဋ္ဌာန်းခဲ့တာ နောင်တစ်နေ့မှာ အခြေခံဥပဒေက ခွဲထားတဲ့ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာသုံးရပ်ခွဲခြားမှုနဲ့ လိုက်လျောညီထွေရှိ၊ မရှိ ပြန်လည်သုံးသပ်ခံရမယ့် ဥပဒေတစ်ရပ်ဖြစ်လာမှာတော့ အခုကတည်းက ကျွန်တော်ကြိုပြီးတော့ နိမိတ်ဖတ်ပါတယ်"**ဟု ထောက်ပြဝေဖန်ပြောကြားခဲ့လေသည်။

တစ်ဆက်တည်းမှာပင် ဦးသိန်းညွန့်က **"နောင်ကျရင် ကျွန်တော်ထင်ပါတယ်။ ဥပဒေပြုရေးက အုပ်ချုပ်ရေးကိုထိန်းကျောင်းမှုပိုတောင်အားနည်းလာမယ်လို့ ကျွန်တော်မြင်တယ်။ ဘာပဲပြောပြော အုပ်ချုပ်ရေးမှာ အားလုံးက သူနဲ့ပတ်သက်ရင် မလွန်ဆန်နိုင်တဲ့ပုဂ္ဂိုလ်က အုပ်ချုပ်ရေးမှာ ရောက်နေပြီလေ။ အဲဒီတော့ မိမိတို့မေးမယ့် မေးခွန်းတို့၊ အဆိုတို့၊ ဥပဒေကြမ်းတို့က ဗမာပြည်မှာ ခေါင်းဆောင်ကို ဆန့်ကျင်လွန်ဆန်ပြီးတော့ မေးရဲ၊ လုပ်ရဲမယ့်လူတွေ ဘယ်လောက်ရှိမလဲ။ ဒါကတော့ ကျွန်တော်တို့စောင့်ကြည့်ရမှာပေါ့"** ဟုလည်း သုံးသပ်ပြောကြားခဲ့သည်။

သို့တစေ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၏ အောင်ပွဲဒီရေလှိုင်းကြောင့် အာဏာရပါတီ NLD အစိုးရသည် မြန်မာ့အာဏာနိုင်ငံရေးလမ်းကြောင်းတွင် ခေါင်းမော့ရင်ကော့ လျှောက်လှမ်းနေဆဲ။ တစ်ဖက်မှာလည်း ယခင်သမ္မတ ဦးသိန်းစိန် လမ်းဖောက်လျှောက်လှမ်းခဲ့သော လွှတ်တော်ပြင်ပနိုင်ငံရေးအခန်းကဏ္ဍမှာ လုံးဝလမ်းပျောက်လုနီးနီးဖြစ်သွားခဲ့သည်။

**တန်းတူညီမျှ လေးလေးစားစားဆက်ဆံ**

ယခင်သမ္မတ ဦးသိန်းစိန်သည် သင့်တော်သည့် အချိန်တိုင်းတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံသည့် အလေ့အထ၊ အလေ့အကျင့်များကို အုတ်မြစ်ချပေးခဲ့သည်။ နိုင်ငံရေးပါတီများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူညီမျှ တရင်းတနှီးလေးလေးစားစားဆက်ဆံသမှုပြုခဲ့ပြီး တင်ပြဆွေးနွေးချက်များကိုလည်း တလေးတစားမှတ်သားသူဖြစ်သည်။

**"နိုင်ငံရေးအရ မတူကွဲပြားသည့် ခြားနားမှုများရှိသော်လည်း မိမိတိုင်းပြည်အတွက် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားကို ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအသိအမြင်နှင့် ဒီမိုကရက်တစ်အလေ့အထများ အားနည်းခဲ့ရကြောင်း၊ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့်လည်း တိုင်းပြည်၏အကျိုးစီးပွားအတွက် ရဲရဲဝေဖန်ကြပါ၊ အကြံပေးပါ"** ဟုလည်း နိုင်ငံရေးပါတီများနှင့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ NLD အစိုးရသစ်လက်ထက် ငါးနှစ်တာကာလအတွင်းမူ ထိုသို့ တွေ့ဆုံခြင်းမှာ မရှိသလောက် တွေ့မြင်ရသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် တိုင်းရင်းသားအရေးတွင်လည်း အဖုအထစ်များနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ ဦးသိန်းစိန်အစိုးရခေတ်တွင် အကောင်အထည်ဖော်ခဲ့သော အရှိန်ရစ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို (၂၁) ရာစု ပင်လုံညီလာခံဟု ပြောင်းလဲခေါ်ဝေါ်ကျင်းပခဲ့သော်လည်း အတိတ်ပင်လုံစာချုပ်ကတိကဝတ်များအပေါ် အခြေခံလာသော ဆွေးနွေးမှုများ ပေါ်ပေါက်လာပြီး လိပ်ခဲတည်းလည်း မရေမရာအဖြစ်နှင့်သာ အဆုံးသတ်ခဲ့ရလေသည်။ ထို့ပြင်မက ကယားပြည်နယ်အတွင်းက ဗိုလ်ချုပ်ကြေးရုပ်ကိစ္စ၊ မွန်ပြည်နယ်ရှိ တံတား အမည်ပေးရေးကိစ္စများတွင် အလျှော့မပေးခဲ့၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခဲ့သည်။

ဒီမိုကရေစီရရှိရေးအတွက် ဆယ်စုနှစ်နှစ်စုကျော် သုံးစုနီးပါး တိုက်ပွဲဝင်လာခဲ့သည့် NLD ပါတီ၏ အာဏာနိုင်ငံရေးလမ်းကြောင်းပေါ်က ဒီမိုကရေစီကျင့်ဝတ်နှုန်းစံများသည် ဘယ်ဟာက ဒီမိုကရေစီဟူ၍ ဝေခွဲမရဖြစ်ခဲ့ရသည်။

အာဏာရပါတီ NLD သည် နိုင်ငံအရေးအတွက် အမုန်းခံထောက်ပြဝေဖန်မှုများကို ကြိုဆိုလက်ခံပြုပြင်ပြောင်းလဲရမည့်အစား ရာဇပလ္လင်ထက်ဝယ် ရာဇမာန်အပြည့်ဖြင့်သာ ဖိနှိပ်လေတော့သည်။ ပွဲဦးထွက်အနေဖြင့် Frist Eleven နေ့စဉ်သတင်းစာက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လက်ပတ်နာရီကိစ္စကို အဂတိလိုက်စားမှုအဖြစ် ထုတ်ဖော်ရေးသားခဲ့၍ အလဲဗင်းမီဒီယာအုပ်စု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာအဖွဲ့ဝင်အချို့ကို ဖမ်းဆီးအပြစ်ပေးအရေးယူခဲ့သည်။

**တားမြစ်ကန့်သတ်ချက်ကြောင့် တိတ်ဆိတ်**

ထိုသောအခါ ယခင်သမ္မတ ဦးသိန်းစိန်အစိုးရခေတ်တွင် **"မီဒီယာဖိနှိပ်မှု ရပ်"** ဟူသော ကြွေးကြော်သံ ဗီနိုင်းဆိုင်းဘုတ်များဖြင့် နိုင်ငံတော်သမ္မတကို ရန်ကုန်ခရီးစဉ်တစ်ခုတွင် မျက်နှာချင်းဆိုင် ရဲဝံ့စွာသွားရောက်ဆန္ဒပြခဲ့သော မီဒီယာသမားများသည် မည်သည့်ဝေဖန်မှုမျိုးမှ ထွက်ပေါ်လာခြင်းမရှိတော့။ ထို့ပြင်မက ယခင်သမ္မတ ဦးသိန်းစိန် အစိုးရခေတ်တွင် စတုတ္ထမဏ္ဍိုင်အဖြစ် တလေးတစားနေရာပေးခဲ့သမျှသည်လည်း တစ်မုဟုတ်ချင်း အရှိန်အဝါညှိုးကျသွားခဲ့သည်။ NLD ပါတီမှ ဒုတိယ ခေါင်းဆောင်က **"စတုတ္ထမဏ္ဍိုင်မရှိ"**ဟု ပြောကြားခဲ့မှုနှင့်အတူ နိုင်ငံတော်အဆင့်အရေးကြီးပုဂ္ဂိုလ်များ၏ ခရီးစဉ်များနှင့် အခမ်းအနားများတွင် အစိုးရမီဒီယာမှအပ ပုဂ္ဂလိကမီဒီယာများ ဝင်ခွင့်မရကြတော့။ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခန်းများမှာလည်း ပါတီထိပ်ပိုင်းခေါင်းဆောင်များ၏ တားမြစ်ကန့်သတ်ချက်ကြောင့် တိတ်ဆိတ်သွားသည်။

လူမှုကွန်ရက်စာမျက်နှာထက်တွင်လည်း ပါတီကိုဝန်းရံထောက်ခံသူများသည် ပြည်သူတို့၏ လွတ်လပ်စွာပြောဆိုရေးသားခွင့်ကို စနစ်တကျအုပ်စုဖွဲ့၍ ရိုင်းစိုင်းစွာတုံ့ပြန်ကြလေသည်။ အာဏာရပါတီနှင့်အစိုးရကို သမာသမတ်ကျကျ အကျိုးသင့်အကြောင်းသင့် ဝေဖန်သူမှန်သမျှကို **"အဘ ဘောမ"**၊ **"သူခိုးများ"**ဟု ပုတ်ခတ်စွပ်စွဲကြပြန်သည်။ အချို့က ဆဲဆိုကြသည်။ အချို့ကား ဆက်သွယ်ရေးဥပဒေပုဒ်မ၊ နိုင်ငံတော် အကြည်ညိုပျက်စေမှုပုဒ်မတို့ဖြင့် တရားစွဲဆိုဖမ်းဆီးအရေးယူကြသည်။ Facebook Team အဖွဲ့ကို ငွေကြေးအမြောက်အမြား အကုန်အကျခံဖွဲ့စည်း၍ အာဏာရအစိုးရကို ဝေဖန်သမှုပြုသည့်မှတ်ချက်မှန်သမျှကို ဖြုတ်ချသည်။ ပိတ်သိမ်းပစ်သည်။

ထိုငါးနှစ်ကာလအတွင်း ပြည်သူအများစု၏ စိတ်ကို ညှိုးငယ်စိတ်မကောင်းဖြစ်ခဲ့ရသည့် ဆောင်ရွက်မှုက ဘာသာသာသနာအရေးကိစ္စ ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်သူအများစုဖြစ်သော်လည်း လူတိုင်းဘာသာရေးကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိသည်။ အစိုးရအဆက်ဆက်ကလည်း ဘာသာတိုင်းကို အလေးထား ကာကွယ်စောင့်ရှောက် ချီးမြှောက်ပါသည်။ သမ္မတဦးသိန်းစိန်အစိုးရခေတ်တွင် ဘာသာပေါင်းစုံ ညီညွတ်ရေးအဖွဲ့ကိုပင် ဖွဲ့စည်းစေ၍ ဘာသာရေးခေါင်းဆောင်များနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးလေ့ရှိသည်။

NLD အစိုးရသစ်လက်ထက်တွင်မူ မတူညီသော ဝိသေသလက္ခဏာများ၊ ကျင့်ဝတ်သိက္ခာများကိုယ်စီဖြင့် ရှိနေခဲ့ကြသော ဘာသာရေးအသင်းအဖွဲ့များကို ဘာသာပေါင်းစုံ ဆုတောင်းပွဲအမည်ခံကာ ရောနှောပေါင်းစပ်ပစ်လေသည်။ နေရာထိုင်ခင်းစီစဉ်မှုမှအစ ဟန်ချက်မညီ၊ ကမောက်ကမတွေဖြစ်လာသည်။ မြန်မာတို့၏ စိတ်နှလုံး ယူကျုံးမရဖြစ်ရပြီ။ စီစဉ်သူအချို့၏ ဘာသာအသီးသီး၏ ယဉ်ကျေးမှုကျင့်ဝတ်သိက္ခာများအပေါ် မသိနားမလည်မှုနှင့် စီမံခန့်ခွဲရေးအပိုင်း မကျွမ်းကျင်မှုတို့ကြောင့် ဘာသာတစ်ခုနှင့် တစ်ခုပင် စိတ်ဝမ်းကွဲရမလို ဖြစ်လာသည်။

ထိုသောအခါ ဆယ်ကျော်သက်အရွယ်ကတည်းက အမေရိကန်နိုင်ငံရေးလောက ရွေးကောက်ပွဲများ၊ အမေရိကန်သမ္မတ အတ္ထုပ္ပတ္တိစာပေများကို စွဲစွဲလမ်းလမ်းဖတ်ရှုခဲ့ပြီး ဒီမိုကရေစီစနစ်ကို သဘောကျနှစ်ခြိုက်သူ စာရေးသူပင် အာဏာရပါတီ NLD အစိုးရ၏ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် စီမံအုပ်ချုပ်မှုအပေါ် စိတ်ပျက်လာသည်။

သို့နှင့် ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၂၀၁၀ အထွေထွေရွေးကောက်ပွဲကာလက ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားဖြန့်ဝေခဲ့ဖူးသော **"နိုင်ငံသားတိုင်း မဲပေးခွင့်ရှိသလို မဲမပေးဘဲ နေပိုင်ခွင့်လည်းရှိတယ်။ အတင်းအဓမ္မ မဲပေးခိုင်းခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်"** ဟူသော သဘောထားရပ်တည်ချက်နှင့်အညီ No Vote လုပ်ပြီး မည်သည့်ပါတီကိုမျှ မဲမပေးခဲ့တော့။

**ရွေးကောက်ပွဲရလဒ် မျက်ခြည်မပြတ်လေ့လာ**

၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်ကိုတော့ မြန်မာ့နိုင်ငံရေးကို စိတ်ပါဝင်စားသူပီပီ မျက်ခြည်မပြတ် လေ့လာကြည့်ရှုခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီကနဦးကာလများကတည်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်သို့ ဆွဲသွင်းခဲ့ရုံမက အောက်ခြေပါတီဝင်များကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များအဖြစ် ဝင်ရောက်အရွေးချယ်ခံ မြှုပ်နှံထားသော အာဏာရ NLD ပါတီသည် ပြိုင်ဘက်ပါတီကြီး/ငယ်များထက် အစစအရာရာ အားသာလို့နေပါသည်။

ထို့ပြင်မက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကလည်း ရွေးကောက်ပွဲကြိုတင်ပြင်ဆင်ထားရှိမှုအပေါ် လာရောက်ကြည့်ရှုစစ်ဆေးသည့် အာဏာရပါတီခေါင်းဆောင်ကြီး၏ရှေ့မှောက်တွင် လက်ကလေးနောက်ပစ်ပြီး ယို့ယို့ကလေးရပ်လို့။ ပြိုင်ဘက်ပါတီများကတော့ အနီ ရွေး / ကော်အဖွဲ့က ထုတ်ပြန်ထားသည့် မဲဆွယ်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းချက်များအတွင်း မလှုံးသာ၊မလွှင့်သာ ချောင်ပိတ်မိနေသည်။

မည်သို့ဆိုစေ စာရေးသူကတော့ ကိုယ်ယုံကြည်ရာအဖြစ် သည်တစ်ခေါက် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာမည့် ညီညွတ်သောညွန့်ပေါင်းအစိုးရကိုသာ ငံ့လင့်စောင့်မျှော်နေမိသည်။ သို့ရာတွင် အထွေထွေရွေးကောက်ပွဲရလဒ်ကသည်တစ်ခေါက်လည်း မယုံနိုင်စရာ အာဏာရပါတီကပဲ သောင်ပြိုကမ်းပြိုအနိုင်ရသွားသည်။

ရပ်ကွက်ထဲက အာဏာရပါတီကိုထောက်ခံဝန်းရံသူမိတ်ဆွေတစ်ဦးက အားရဝမ်းသာ **"ပြီးသွားပါပြီ၊ ပွဲပြတ်သွားပြီ"**ဟု ဥဒါန်းထကျူးသည်။ စာရေးသူအဖို့မူ မြန်မာ့နိုင်ငံရေးအလှည့်အပြောင်း အချိုးအကွေ့လမ်းကြောင်းသည် ယခုအချိန်မှစတင်လာပြီဟု မြင်သည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲအကြိုကာလကတည်းက ပြိုင်ဘက်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်အချို့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် သွားရောက်တွေ့ဆုံ၍ သန့်ရှင်းသော ရွေးကောက်ပွဲကြီးအဖြစ်ကျင်းပပေးရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပနိုင်ရေးအတွက် ပေါ်ပြူလာဂျာနယ်နှင့် အင်တာဗျူးစဉ်က အပါအဝင် အကြိမ်များစွာ တရားဝင်ထုတ်ဖော်အသိပေးပြောကြားခဲ့သည်။

**မဲဆန္ဒနယ်မြေများ ပြန်လည်စိစစ်**
**စစ်ဆေးရန် တောင်းဆိုလာ**

ရွေးကောက်ပွဲအပြီးတွင်လည်း တပ်မတော်က ရွေးကောက်ပွဲဥပဒေနှင့်မညီညွတ်ဘဲ အငြင်းပွားစရာဖြစ်ခဲ့သည့် မဲဆန္ဒနယ်မြေများကို ပြန်လည်စိစစ်စစ်ဆေးရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းဆိုလာသည်။ အတိတ်ကအစဉ်အဆက်လက်ကိုင်ထားခဲ့သော တပ်မတော်မုန်းတီးရေး အာဃာတများကို အာဏာနိုင်ငံရေး ငါးနှစ်တာကာလအတွင်းမှာလည်း အနောက်နိုင်ငံများအလိုကျ ဆက်လက်ဆုပ်ကိုင်ထားခဲ့သည့် NLD ပါတီနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးလောကမှ ပေါက်ဖွားလာသော တပ်မတော်တို့ ထိပ်တိုက်တွေ့လေပြီ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းစွာ ပူးပေါင်းဆွေးနွေးအဖြေရှာလိုကြောင်း ပြောကြားခဲ့သော်လည်း အာဏာရပါတီ NLD သည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို ရှောင်လွှဲနိုင်ရန် စေ့စပ်ညှိနှိုင်း ပူးပေါင်းဆွေးနွေးအဖြေရှာရမည့်အစား အာဃာတတရားကြီးမားသော တရားသေဝါဒီများပီပီ ခေါင်းမာစွာနေမြဲအတိုင်း ရပ်တည်ခဲ့သည်။

ထို့ပြင်မက အာဏာရပါတီခေါင်းဆောင်သည် နိုင်ငံပိုင်မီဒီယာစင်မြင့်ထက်မှ **"ဘာရမလဲ သာဝရယ်"**ဟူ၍ပင် မထီမဲ့မြင် ပြောဆိုတုံ့ပြန်လေသည်။ ပါတီကို ဝန်းရံထောက်ခံသူအပေါင်းကလည်း **"သိမ်းချင်သလား၊ အမှိုက်တွေသိမ်း"**ဟု ရန်စမောက်မာမှုတွေ ပြခဲ့ကြသည်။

နိုင်ငံရေးလေ့လာသူများမဆိုထားဘိ သာမန်အရပ်သားအချို့ပင် မြန်မာ့နိုင်ငံရေးလမ်းကြောင်း၏ အချိုးအကွေ့တစ်ခုသည် မကြာမီပေါ်ပေါက်လာတော့မည်ဟု ခန့်မှန်းမိကြသော်လည်း အာဏာရပါတီအစိုးရသည် တစ်ချိန်က ဂန္ဒီခန်းမအစည်းအဝေးကြေညာချက်ဖြင့် လွှတ်တော်ကိုဖွတ်ခေါ်သလိုမျိုး ယခုတစ်ကြိမ်တွင် ထပ်မံစီစဉ်ဆောင်ရွက်နေကြပြန်သည်။

ဤသို့ဖြင့် တပ်မတော်သည် သူတို့ကိုယ်တိုင်အပင်ပန်းအဆင်းရဲခံ၊ အငြိုအငြင်ခံကာ ဖောက်လုပ်ထားခဲ့သော မြန်မာ့ဒီမိုကရေစီလမ်းကြောင်း မတိမ်းမစောင်း၊ မယိမ်းမယိုင်စေရေးအလို့ငှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ အာဏာကို ထိန်းသိမ်းခဲ့ရလေတော့သည်။

ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင် အသစ်ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲစာရင်းများနှင့် မဲပေးမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး **"ရွေးကောက်ပွဲတွင် မဲစာရင်းအရေအတွက် များစွာမှားယွင်းမှုများဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း၊ ထို့အပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက် မလျော်သြဇာအသုံးပြု၍ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ကြောင်း"** ဇူလိုင် ၁၂ ရက်ကကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုဖြစ်ပွားခဲ့သော မှားယွင်းခဲ့သည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင် အရေအတွက်စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ (၁၁ သန်းကျော်) ဖြစ်ကြောင်း ကြေညာခဲ့သည်။

**ရွေးကောက်ပွဲရလဒ်များကို**
**ပယ်ဖျက်ကြောင်း ကြေညာ**

သို့ဖြစ်၍ ဇူလိုင် ၂၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

**"ဒီမိုကရေစီရရှိရေး- ဒို့အရေး ဒို့အရေး"** ဟူသည့် ဆယ်ကျော်သက်အရွယ် လူငယ်လေးတချို့၏ လမ်းမထက်က ကြွေးကြော်သံအချို့ကို လတ်တလော ကြိုးကြားကြိုးကြား ကြားနေရဆဲ။

စာရေးသူအဖို့မူ **"အာဏာသည် လူကိုပျက်စီးစေသည်၊ အကြွင်းမဲ့အာဏာသည် အကြွင်းမဲ့ပျက်စီးစေသည်"**ဟူသော နိုင်ငံရေးသံဝေဂ ဂါထာကိုသာ ပွားများရင်း အာဃာတ အငြိုးအတေးများနှင့် အာဏာရနိုင်ငံရေးပါးမဝမှုကြောင့် ခဲလေသမျှ သဲရေကျခဲ့ရသည့် ထို ငါးနှစ်ကို နှမြောတသမဆုံးဖြစ်ရပါတော့သည်။ ။

**ဘာသာအသီးသီး၏ ယဉ်ကျေးမှုကျင့်ဝတ်သိက္ခာများအပေါ် မသိနားမလည်မှုနှင့် စီမံခန့်ခွဲရေးအပိုင်း မကျွမ်းကျင်မှုတို့ကြောင့် ဘာသာတစ်ခုနှင့် တစ်ခုပင် စိတ်ဝမ်းကွဲရမလို ဖြစ်လာသည်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများအား စစ်ဆေး

နေပြည်တော် ဩဂုတ် ၆

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်၍ ဘဏ်များ၌ ငွေသွင်း/ငွေထုတ် ဆောင်ရွက်နေမှုများ၊ အစိုးရဌာန အဖွဲ့အစည်းများသို့ လစာနှင့် အသုံးစရိတ်များ ထုတ်ပေးနေမှုနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဌာနအကြီးအကဲများနှင့် တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မှာကြားသည်။




မြန်မာ့ စီးပွားရေးဘဏ် (နေပြည်တော်)သည် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တပ်ရင်း တပ်ဖွဲ့များသို့ လစာထုတ်ပေးမှုနှင့် အသုံးစရိတ်များ ထုတ်ပေးနေမှုများကို ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ သီးခြားကောင်တာများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ စသည့် အပ်ငွေအမျိုးမျိုးကို လက်ခံခြင်းနှင့် ချေးငွေအမျိုးမျိုးကို ထုတ်ချေးခြင်း၊ ပြည်တွင်း၊ ပြည်ပ ငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူများ ငွေသွင်း ငွေထုတ်မှုများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ လုံခြုံစိတ်ချမှု အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)တွင် ဌာနအကြီးအကဲများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာ၌ ရုံးပိတ်ရက်ရှည် ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအခြေအနေများကြားမှ ဘဏ်ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများနှင့် ဝန်ထမ်းလစာများကို အဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်ရန် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများသို့ ဘဏ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးနေမှုများအတွက် ဘဏ်ဝန်ထမ်းများအား အသိအမှတ်ပြုပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ တာဝန်ကျေပွန်စွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ရုံးချုပ်မှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တို့သို့ ဆက်လက်သွားရောက်ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည်များအား လမ်းညွှန်မှာကြားခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ဟိုတယ်မန်နေဂျာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့တွင် Hotel Max အစည်းအဝေးခန်းမ၌ ဧည့်သည်အများဆုံး လာရောက်တည်းခိုသော ဟိုတယ်များဖြစ်သည့် Hotel Max၊ The Amara Hotel၊ Hotel 101 ဟိုတယ်တို့မှ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများနှင့် ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ Social Distancing စနစ်ဖြင့် သွားရောက်တွေ့ဆုံသည်။(ယာပုံ)**

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် Health & Safety Protocol နှင့်အညီ စနစ်တကျ ဝန်ဆောင်မှုပေးရန် လိုအပ်ကြောင်း၊ ဝန်ဆောင်မှုပေးရာတွင်လည်း အရည်အသွေးကောင်းမွန်စွာ ပေးရန်လိုအပ်ကြောင်း၊ ဟိုတယ်သို့ လာရောက်တည်းခိုသည့် ဧည့်သည်များ အကြိမ်ကြိမ် ပြန်လည်တည်းခိုလာရောက်နိုင်ရေးအတွက် မိမိတို့၏ ဝန်ဆောင်မှုဖြင့် ဆွဲဆောင်ရန်လိုအပ်ကြောင်းနှင့် အထူးသဖြင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးနှင့်ပုဂ္ဂလိက တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများသာမက အခြားသောလုပ်ငန်းအခက်အခဲများ ရှိပါကလည်း အချိန်မရွေး တင်ပြရန် ပြောကြားသည်။



ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ မန်နေဂျာနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၇ ဒသမ ၆၄ လက်မ၊ အမ်းမြို့တွင် ၇ ဒသမ ၄၄ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၅၉ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သရက်မြို့နှင့် စစ်တွေမြို့တို့တွင် ၃ ဒသမ ၇၄ လက်မစီ၊ အောင်လံမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကလေးမြို့၊ ဂွမြို့နှင့် မာန်အောင်မြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သပိတ်ကျင်းမြို့နှင့် ကျိုက်ဒုံမြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ ဆောမြို့တွင် ၂ ဒသမ ၂၃ လက်မနှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပိတ်ဆို့မှုများမှ ကင်းလွတ်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဟု အီရန်သမ္မတသစ်ပြောကြား

**တီဟီရန် ဩဂုတ် ၆**

အီဘရာဟင် ရိုင်စီသည် အီရန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် သံတမန်နည်းလမ်းအရ ကြိုးပမ်းမှုများမှတစ်ဆင့် အမေရိကန်၏ ပိတ်ဆို့မှုများမှ ကင်းလွတ်အောင်ပြုလုပ်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ အီဘရာဟင် ရိုင်စီသည် ဩဂုတ် ၅ ရက်နေ့တွင် ပါလီမန်တွင်သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ အမေရိကန် ဆန့်ကျင်ပြီး သဘောထားတင်းမာသူတစ်ဦးမှာ ယခင်သမ္မတ ဟတ်ဆန်ရိုဟာနီ၏ နောက်သမ္မတတာဝန်ယူသူ ဖြစ်လာခဲ့သည်။ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီလည်း အခြားသော ထင်ရှားသူများနှင့်အတူ ပါဝင်ခဲ့ပြီး နိုင်ငံပေါင်း ၇၀ ကျော်မှ သံတမန်များလည်း တက်ရောက်ခဲ့သည်ဟု အီရန်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။ အီရန်နိုင်ငံသားများသည် ဝင်ငွေကောင်းမွန်ရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလိုကြသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်၏ ပိတ်ဆို့မှုများအောက်တွင် တိုင်းပြည်စီးပွားရေးမှာ ရပ်တန့်နေပြီး ပြည်သူများ လိုလားချက်အတိုင်း ရရှိသွားအောင် ကြိုးပမ်းသွားမည်ဟု ၎င်းက ပြောသည်။ အီရန်အပေါ် ပိတ်ဆို့မှုများမှာ ဖယ်ရှားပေးရမည်ဖြစ်ပြီး ရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင် လုပ်ဆောင်ပေးမည့် မည်သည့်သံတမန်နည်းလမ်းမျိုးကိုမဆို ထောက်ခံသွားမည်ဟု ၎င်းကဆက်ပြောသည်။

အီရန်နှင့် အမေရိကန်တို့သည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှု ဆက်လက်ရှင်သန်စေရေးအတွက် သွယ်ဝိုက်သော ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



အီရန်သမ္မတ အီဘရာဟင်ရိုင်စီကို ဇွန် ၂၁ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

# ကာကွယ်ဆေး နှစ်ကြိမ်ထပ်ထိုးပေးရန် ပြင်သစ်နိုင်ငံက ပြင်ဆင်လျက်ရှိ

**ပါရီ ဩဂုတ် ၆**

ပြင်သစ်နိုင်ငံ၌ ထိခိုက်ခံစားလွယ်သည့် ပြည်သူများကို စက်တင်ဘာလတွင် တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေသည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောသည်။

ဩဂုတ် ၅ ရက်တွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ၎င်း၏အင်စတာဂရမ်တွင် ဗီဒီယိုတစ်ခုတင်ခဲ့သည်။ လူငယ်များ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရာနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားသည့် ဗီဒီယိုကို တင်ခဲ့ခြင်းဖြစ်သည်။ လူတိုင်း လူတိုင်းအတွက် တတိယအကြိမ်ကိုဗစ် -၁၉ ကာကွယ်ဆေး ချက်ချင်းထိုးရန်မလိုအပ်ကြောင်းနှင့် သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သည့် လူများတွင်သာ လိုအပ်မှုရှိမည်ဟု မက်ခရွန်က ပြောသည်။



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

အစ္စရေးနိုင်ငံအတွင်း အသက် ၆၀ နှင့် အထက်လူများကို တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးမှု ပြုလုပ်ခဲ့သည်။ ဗြိတိန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့တွင်လည်း လာမည့်လအတွင်း တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ သို့သော်လည်း ဩဂုတ် ၄ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့ အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက တတိယအကြိမ် ကိုဗစ် -၁၉ကာကွယ်ဆေးထိုးမှုများကို စက်တင်ဘာလကုန်မတိုင်မီအထိ ရွှေ့ဆိုင်းပေးကြရန် ဆောင်းဆိုခဲ့သည်။

ဝင်ငွေနိမ့်သည့်နိုင်ငံများ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးမှုများ လုပ်ဆောင်နိုင်ရေးအတွက် ယခုလို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဗီဇပြောင်းဒယ်လ်တာကူးစက်ခံရသူ ၆၇ ဦးထပ်မံတွေ့ရှိ

**ဖနောင်ပင် ဩဂုတ် ၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ဗီဇပြောင်း ဒယ်လ်တာကူးစက်ခံရသူ ၆၇ ဦးကို ဩဂုတ် ၆ ရက်တွင် ထပ်မံတွေ့ရှိခဲ့ပြီးနောက် ဒယ်လ်တာ ကူးစက် ခံရသူ စုစုပေါင်း ၃၂၇ ဦး အထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။




ဒေသတွင်းကူးစက်မှုများမှာ မြို့တော် ဖနောင်ပင်နှင့် အခြားသော ပြည်နယ်ရှစ်ခုတို့တွင် တွေ့ရှိရသည်။ တိုင်းပြည်အတွင်း ဒယ်လ်တာ ကူးစက်မှုများ ပျံ့နှံ့နေသည့်အတွက် ပြည်သူများ အထူးဂရုပြုကြရန်လည်း ကျန်းမာရေးဝန်ကြီး မန်ဘန်နေ့ဂျန်က ပြောသည်။

ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန်၊ လက်ဆေးကြရန်နှင့် လူမှုဝေးကွာအစီအစဉ်အတိုင်း နေထိုင်ကြရန် တိုက်တွန်းထားသည်။ ထို့ပြင် လူစုလူဝေးကိုရှောင်ရှားရန်လည်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံ အလက်စကာ၌ ရှုခင်းကြည့်လေယာဉ် ပျက်ကျမှုကြောင့် ခြောက်ဦးသေဆုံး

**ဆန်ဖရန်စစ္စကို ဩဂုတ် ၆**

အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်၌ ရှုခင်းကြည့်သည့် လေယာဉ်တစ်စင်း ဩဂုတ် ၅ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင်ပါသည့် လူခြောက်ဦးစလုံး သေဆုံးသွားခဲ့သည်ဟု သိရသည်။

အဆိုပါ လေယာဉ်ပေါ်တွင် လေယာဉ်မောင်းတစ်ဦးနှင့် ခရီးသည်ငါးဦး လိုက်ပါလာခဲ့သည်။ လေယာဉ်အပျက်အစီးအပိုင်းအစများကို ကက်ချီကန်မြို့ အရှေ့မြောက်ပိုင်း မတ်စောက်သည့် တောင်တန်းများရှိသည့်ဒေသတွင် တွေ့ရှိခဲ့သည်ဟု အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရရေးဘုတ်အဖွဲ့က ပြောသည်။ အမေရိကန် ကမ်းရိုးတန်းအစောင့်တပ်သည် အဆိုပါ လေယာဉ်မှ အရေးပေါ်အချက်ပြမှုကို နံနက် ၁၁နာရီ ၂၀ ခန့်တွင် လက်ခံရရှိခဲ့သည်ဟု ပြောသည်။

**ဆင်ဟွာ**

# တာလီဘန်တို့၏ အဓိကတပ်မှူးအပါအဝင် ၄၀ ကို အာဖဂန် အစိုးရတပ်က ရှင်းလင်းနိုင်ခဲ့

**ကဘူးလ် ဩဂုတ် ၆**

တာလီဘန် အဓိကတပ်မှူးတစ်ဦးအပါအဝင် စစ်သွေးကြွပေါင်း ၄၀ ကို ရှင်းလင်းနိုင်ခဲ့သည်ဟု ဩဂုတ် ၆ ရက်တွင် အာဖဂန်နစ္စတန်တပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ တာလီဘန်များစုဝေးရာ ဟယ်မန်းပြည်နယ် လက်ရှ်ကာဂါ့မြို့တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် သုတ်သင်ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

တာလီဘန်တပ်စုတစ်စု၏ တပ်မှူးဖြစ်သူ မော်လဗီ မူဘာရတ်ကို ဩဂုတ် ၅ ရက် လေကြောင်းတိုက်ခိုက်မှုအတွင်း သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ထားသည်။ အာဖဂန်နစ္စတန်တောင်ပိုင်း လက်ရှ်ကာဂါ့မြို့တွင် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ အဆိုပါဒေသတွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို အစိုးရတပ်များက လုပ်ဆောင်လျက်ရှိသည်။ တာလီဘန်တို့သည် ဟယ်မန်းပြည်နယ် အဓိကအစိတ်အပိုင်းများကို ထိန်းချုပ်ထားသည်။

**ဆင်ဟွာ**

# အာရှ-ပစိဖိတ်နိုင်ငံများ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ဖိစီးနှိပ်စက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရ

ဟောင်ကောင် ဩဂုတ် ၆

**ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် အကြီးအကျယ် ဖိစီးနှိပ်စက်လျက်ရှိချိန်တွင် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အမြင့်ဆုံးစံချိန်တင်ဖြစ်ပွားလျက်ရှိပြီး ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် တစ်သန်းကျော်လွန် ရောက်ရှိလာပြီဖြစ်သည်။**



အင်ဒိုနီးရှား နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးနေသည်ကိုတွေ့ရစဉ်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၄၆၄၃ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၁၈၅၆၇၅၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၆၄ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၆၇၅၄ ဦးအထိရောက်ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၁၄၁၅၉ ဦး အထိရောက်ရှိလာခဲ့သည်။

## အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၅၃၂ ဦးရှိပြီး ၁၆၃၅ ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားကတည်းက အဆိုပါ ပမာဏသည် တစ်နေ့တည်း အများဆုံးသေဆုံးသည့် ပမာဏဖြစ်သည်။

နောက်ဆုံး သတင်းအချက်အလက်များကို အခြေခံ၍ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၀၇၈၆၃ ဦး ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူ ၁၀၄၀၁၀ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၄၈၈၃၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၂၉၉၆၄၇၈ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၆ ရက်အထိ လူပေါင်းအနည်းဆုံး ၂၂ ဒသမ ၈၉ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၄၉ ဒသမ ၃၉ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် လူပေါင်း ၂၀၈ ဒသမ ၂သန်းအား ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။



မလေးရှားနိုင်ငံ၌ သက်ကြီးရွယ်အိုတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

## မလေးရှား

မလေးရှားနိုင်ငံတွင် ဩဂုတ် ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၈၈၉ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်အမြင့်ဆုံးနေ့တစ်နေ့ဖြစ်လာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၂၄၅၅၉၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၀၈၇၆ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် လူ ၁၆၀ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၀၁၇၉ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၉၃၀၂၀ သို့မဟုတ် ၈၁ ဒသမ ၁ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၆၂၃ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၃၈၃၄၅ ဦးအထိရောက်ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၂၄၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၈၆၇၃ ဦး အထိရောက်ရှိလာခဲ့သည်။

ဩဂုတ် ၆ ရက်မှစကာ မြို့တော်မနီလာ၌ တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၆ သန်းရှိသည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၇၄၅ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၅၈၄၀၅ဦး အထိရှိလာခဲ့ကာ စတုတ္ထလှိုင်းဂယက်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၇ဦး ရှိလာပြီးနောက် စုစုပေါင်း သေဆုံးသူ ၂၃၇၀၂ ဦး ရှိလာခဲ့သည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၀၄ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားသူ ၂၀၇၄၀၆ ဦး အထိရောက်ရှိလာခဲ့သည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများမှာ ဆိုးလ်ဒေသခံများနှင့် ချုံဂျီပြည်နယ်တို့မှ အများဆုံးဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် လေးဦးထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၂၁၁၃ ဦးအထိ ရောက်ရှိလာကာ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးနှုန်း ၁ ဒသမ ၀၂ ရာခိုင်နှုန်းရှိသည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၈ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၈၁၃ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့်ထပ်မံသေဆုံးသူ ၁၉ ဦးရှိလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၅၂၆ ဦးအထိ ရောက်ရှိလာခဲ့ကာ ကိုဗစ်-၁၉မှ ပြန်လည်ကောင်းမွန်လာသူ ၇၄၀၄၅ ဦးရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်သန်းနီးပါးရှိလာ

**အဒစ္စအာဘာဘာ ဩဂုတ် ၆**

အာဖရိက၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၆၉၀၆၀၅၅ ဦး အထိရောက် ရှိလာပြီဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ဌာနက (အာဖရိက စီဒီစီ)က ဩဂုတ် ၆ ရက်က ပြောကြားလိုက်သည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၇၄၈၃၈ ဦးအထိရောက်ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၆၀၄၇၂၃၀ အထိရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ် နိုင်ငံများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

တောင်အာဖရိကသည် အာဖရိကနိုင်ငံများထဲတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄၉၇၆၅၅ ဦးအထိရောက်ရှိလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြောက်ပိုင်းအာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၆၅၃၂၅ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရ အာဖရိကတောင်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ယင်းနောက် မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဖော်ပြလိုက်သည်။

**ဆင်ဟွာ**




အာဖရိက၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

# ရောဂါဖြစ်ပွားမှုကို ရှစ်ဆလျော့စေတယ်၊ ဆေးရုံ တက်ရောက်ရမှုနဲ့ သေဆုံးမှုကို ၂၅ ဆ လျော့စေတဲ့အတွက် ကာကွယ်ဆေး လုံး၀ (လုံး၀) ထိုးသင့်တယ်ဆိုတာကို သိစေချင်ပါတယ်

ဒေါက်တာ ခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။ ။** နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ရောဂါဖြစ်ပွားမှုတွေနဲ့အတူ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ဆေးရဲ့ အကျိုးကျေးဇူးတွေက ဘယ်လိုရှိမလဲဆိုတာကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။ ။** မြန်မာနိုင်ငံမှာဆိုရင် ယခု အချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးတဲ့ လူဦးရေက တဖြည်းဖြည်းနဲ့ များပြားလာနေပါတယ်။ စုစုပေါင်း ကာကွယ်ဆေးထိုးနှံပြီးသူ ၁ ဒသမ ၈ သန်းကျော် ဖြစ်တဲ့အတွက်ကြောင့် မိမိတို့ရည်မှန်းထားတဲ့ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေရဲ့ ၆ ရာခိုင်နှုန်းကျော် ထိုးနှံပြီးပြီဆိုတာကို သတင်းကောင်းပါးလိုပါတယ်။

လက်ရှိကာကွယ်ဆေး ရောက်ရှိနေတာက သုံးသန်းဖြစ်ပါတယ်။ ဒီဩဂုတ်လအတွင်းမှာ ကာကွယ်ဆေး သုံးသန်းထပ်မံရောက်ရှိမှာဖြစ်တဲ့အတွက် ကာကွယ်ဆေး ခြောက်သန်းက ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် အဆင်သင့်အနေအထားရောက်ရှိမှာဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို ကုန်းကြောင်းနဲ့ လေကြောင်းတွေကနေ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးမှာရှိတဲ့ ကာကွယ်ဆေးထိုးနှံပေးရမယ့် လူအုပ်စုတွေဆီကို ရောက်ရှိထိုးနှံနိုင်ဖို့အတွက် ပို့ဆောင်ပေးခဲ့တာကို ပြည်သူအများ သိရှိပြီးဖြစ်ပါတယ်။

ယခုအချိန်တွင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ ကာကွယ်ဆေးတွေကို သက်ဆိုင်ရာ စုရပ်အလိုက် ရောဂါကူးစက်မှုမရှိအောင်နဲ့ လူစုလူဝေးမဖြစ်အောင် စနစ်တကျ ထိုးနှံပေးနိုင်ဖို့အတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီတွေအနေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကာကွယ်ဆေးထိုးနှံတာနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ အကျိုးကျေးဇူးတွေရှိသလဲ၊ ကာကွယ်ဆေးထိုးနှံပြီးရင် ရောဂါကူးစက်ခံရဦးမှာလား၊ ရောဂါကူးစက်ခံရရင် ဘယ်လောက်အထိ ဆိုးနိုင်သလဲ ဒါတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။

တချို့တွေက ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ယခုထိုးနှံပေးနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm နဲ့ Sinovac ကာကွယ်ဆေးတွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသိအမှတ်ပြုရဲ့လား၊ ဒီဟာတွေက ခုနကပြောသလို ကာကွယ်ဆေးတွေထိုးနှံတဲ့အခါမှာ ထိရောက်မှုက ဘယ်လိုမျိုးတွေရှိသလဲ ဒါတွေနဲ့ပတ်သက်ပြီး သိချင်ကြပါတယ်။

ယခုထိုးနှံပေးနေတဲ့ Sinopharm နဲ့ Sinovac ကာကွယ်ဆေးတွေက သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို ရောက်ရှိနေပြီး တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ပြည်သူတွေကို စတင်ထိုးနှံပေးနေပြီလို့ သိရပါတယ်။ ဩဂုတ် ၁ ရက်ကစတင်ပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာ စတင်ထိုးနှံပေးနေပါပြီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အမြန်ဆုံး ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။

ဒီလိုကာကွယ်ဆေးတွေကို ထိုးနှံပေးတဲ့အခါမှာ ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်တဲ့ လူအုပ်စုတွေ ဦးစားပေးပါတယ်။ နောက်တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ(Volunteer)အနေနဲ့ ရောဂါဖြစ်ပွားတဲ့သူတွေကို ကုသမှုတွေပေးနေတဲ့အခါမှာ သူတို့ကိုယ်တိုင်ကျန်းမာမှ ကုသပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေကလည်း ဦးစားပေး ဖြစ်ပါတယ်။ တချို့ကိစ္စရပ်တွေမှာ ပုံမှန်အတိုင်း လုပ်ငန်းဆောင်တာတွေ လည်ပတ်နိုင်ဖို့အတွက် အရေးပါတဲ့နေရာမှာ တာဝန်ထမ်းဆောင်နေရတဲ့ ပို့ဆောင်ဆက်သွယ်ရေးတွေ၊ တခြားသော ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းတွေ ဒါတွေကိုလည်း ထိုးနှံပေးပါတယ်။

နောက်တစ်ချက်က ရောဂါဖြစ်ပွားကူးစက်ရင် အစုလိုက်၊ အပြုံလိုက် ကူးစက်နိုင်တဲ့ ဘိုးဘွားရိပ်သာတို့၊ အကျဉ်းထောင်တို့ ဒီလိုနေရာတွေကိုလည်း ရောဂါကူးစက်မှုကနေ အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ထိုးနှံပေးပါတယ်။ ပြောချင်တာက အခုကာကွယ်ဆေးထိုးပေးဖို့ ရွေးချယ်ထားတဲ့ အုပ်စုတွေသည် ကာကွယ်ဆေးထိုးနှံထားရင် ရရှိမယ့် အကျိုးကျေးဇူးက အများဆုံးရနိုင်မယ့် လူအုပ်စုတွေကို ပိုပြီးဦးစားပေးရွေးချယ်ထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ အသက် ၆၅ နှစ်အထက်လို့ ပြောပေးမယ့် ကာကွယ်ဆေးတွေ ထပ်ပြီးရရှိလာပြီဆိုရင် နောက်ထပ် အသက် ၆၀ အထက်၊ ၅၅ နှစ်အထက်၊ တဖြည်းဖြည်းနဲ့ အသက်အပိုင်းအခြားကို လျှော့ပြီး ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒါကိုလည်း စိတ်မပူကြဖို့ ပြောလိုပါတယ်။ မိမိအလှည့်ကို စောင့်ဖို့အတွက်က စိတ်ရှည်ရှည်နဲ့ စောင့်ဖို့လိုပါတယ်။ ဒီနေရာမှာ ကာကွယ်ဆေးထိုးနှံတဲ့သူတွေက ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲ၊ ဒါနဲ့ပတ်သက်ပြီး အမေရိကန်ရောဂါထိန်းချုပ်မှုနှင့် ကာကွယ်ရေးဗဟိုဌာန(CDC) ကနေ ဇူလိုင် ၂၉ ရက်မှာ ထွက်ပေါ်လာတဲ့ သူတို့ရဲ့ သုတေသနတွေ့ရှိချက်တွေကို ပြည်သူတွေကို တင်ပြလိုပါတယ်။

ဒီမှာဘာထူးခြားသလဲဆိုတော့ ကာကွယ်ဆေးထိုးထားတဲ့အခါ ကာကွယ်ဆေးမထိုးထားသူနဲ့ နှိုင်းယှဉ်ရင် ရောဂါဖြစ်ပွားမှု ၈ ဆ လျော့နည်းပါတယ်။ ဒါဆို ရောဂါဖြစ်ပွားမှုက လျော့တယ်၊ ဆေးရုံတက်ရောက်ရမှုကရော ဒါလည်း ၂၅ ဆ လျော့နည်းပါတယ်။ ကာကွယ်ဆေးထိုးထားသူအနေနဲ့ ရောဂါကြောင့် သေဆုံးမှုကလည်း ၂၅ ဆ လျော့နည်းတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံသင့်တာကို တိတိကျကျ သိနိုင်ပြီဖြစ်ပါတယ်။

**လူတစ်ယောက်အနေနဲ့ သူ့မှာ နဂိုကတည်းက သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာနဲ့ ကိုယ်ခံအားကျဆင်းနေတဲ့ရောဂါ စသဖြင့် ဒီလို ရောဂါအခံတွေရှိနေမယ်၊ အသက်ကလည်းကြီးနေမယ်၊ အဝလွန်တာ ဒီလိုမျိုး ကိုဗစ်ရောဂါပိုဖြစ်စေတဲ့၊ ဆိုးစေတဲ့အကြောင်းအရင်းကရှိနေမယ်ဆိုရင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးမယ့် သူတို့အနေနဲ့ သေဆုံးမှုအနည်းငယ် ရှိနိုင်တာကို ကွဲကွဲပြားပြား သိစေချင်ပါတယ်။ ဒါဆိုရင် ရောဂါဖြစ်ပွားမှုကို ရှစ်ဆလျော့စေတယ်၊ ဆေးရုံတက် ရောက်ရမှုနဲ့ သေဆုံးမှုကို ၂၅ ဆ လျော့စေတဲ့အတွက် ကာကွယ်ဆေး လုံး၀ (လုံး၀) ထိုးသင့်တယ်ဆိုတာကို သိစေချင်ပါတယ်**

ဒီနေရာမှာ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီး အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုသည် ၇၀ နဲ့ ၉၀ ရာခိုင်နှုန်း ရှိပါတယ်လို့ ပြောထားပြီးဖြစ်ပါတယ်။ ဒီကာကွယ်ဆေးတွေထဲမှာ ယခု ထိုးနှံပေးမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm နဲ့ Sinovac ကာကွယ်ဆေးတို့ အပါအဝင်ဖြစ်ပါတယ်။ ဒီ့အပြင် ကာကွယ်ဆေးတွေ ထိုးနှံထားရင် ရောဂါပြင်းထန်စွာ ခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုကနေ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်ပေးနိုင်တယ်လို့ ပြောထားပါတယ်။**

ဒါနဲ့ပတ်သက်ပြီး တချို့တွေက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်တယ်ဆိုတော့ ၁၀၀ ရာခိုင်နှုန်း မဟုတ်ဘူးလားလို့ မေးစရာရှိပါတယ်။ ဆေးပညာမှာ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်၊ ကုသပေးနိုင်တယ်ဆိုတာမရှိပါဘူး။ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးတွေကို အဓိကထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ကူးစက်ရောဂါတွေ ဖြစ်လာပါက ကူးစက်ရောဂါတွေကြောင့် ရောဂါပြင်းထန်စွာ ခံစားရမှုတွေ၊ သေဆုံးမှုတွေကနေ လျော့ကျနိုင်အောင် ရည်ရွယ်ထုတ်လုပ်တာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးတွေသည် မသေဆေး မဟုတ်ပါဘူး။

လူတစ်ယောက်အနေနဲ့ သူ့မှာ နဂိုကတည်းက သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာနဲ့ ကိုယ်ခံအားကျဆင်းနေတဲ့ရောဂါ စသဖြင့် ဒီလို ရောဂါအခံတွေရှိနေမယ်၊ အသက်ကလည်းကြီးနေမယ်၊ အဝလွန်တာ ဒီလိုမျိုး ကိုဗစ်ရောဂါ ပိုဖြစ်စေတဲ့၊ ဆိုးစေတဲ့ အကြောင်းအရင်းကရှိနေမယ်ဆိုရင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေမယ့် သူတို့အနေနဲ့ သေဆုံးမှုအနည်းငယ်ရှိနိုင်တာကို ကွဲကွဲပြားပြား သိစေချင်ပါတယ်။ ဒါဆိုရင် ရောဂါဖြစ်ပွားမှုကို ရှစ်ဆလျော့စေတယ်၊ ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုကို ၂၅ ဆ လျော့စေတဲ့အတွက် ကာကွယ်ဆေး လုံး၀ (လုံး၀) ထိုးသင့်တယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါက ကာကွယ်ဆေးထိုးနှံပြီးသူနဲ့ ကာကွယ်ဆေးမထိုးရသေးသူတို့ကို သိသာထင်ရှားအောင် ပြောပြခြင်းဖြစ်ပါတယ်။

ကာကွယ်ဆေးမထိုးထားရင် ဘယ်လောက်တောင် အန္တရာယ်များနိုင်သလဲဆိုတာကို ဘယ်လ်ဂျီယံနိုင်ငံက အသက် ၉၀ နှစ် အမျိုးသမီးဖြစ်စဉ်က သက်သေပြနေပါတယ်။ သူမဟာ ကာကွယ်ဆေး မထိုးထားတဲ့အတွက်ကြောင့် မျိုးရိုးဗီဇပြောင်းလဲထားတဲ့ 'အယ်လ်ဖာ'နဲ့ 'ဘီတာ' ပိုးနှစ်မျိုးလုံးကို သူတစ်ယောက်တည်းမှာပဲ ကူးစက်ခံရတယ်ဆိုတဲ့ ထင်ရှားတဲ့သက်သေရှိပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးထားဘူးဆိုရင် ဗီဇပြောင်းကိုဗစ်ပိုးတွေက တစ်ကောင်သာမက နှစ်ကောင် တစ်ပြိုင်တည်း ဝင်ရောက်ကူးစက်ခံရနိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။

**အစီအစဉ်မှူး။ ။** ကာကွယ်ဆေး ထိုးထားပြီးသူတွေအနေနဲ့ ရောဂါပိုး ကူးစက်ခံရနိုင်မှုအခြေအနေရှိသလားဆိုတာကို ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။ ။** ဒါနဲ့ ပတ်သက်ပြီး ကာကွယ်ဆေးထိုးနှံပြီးသူထဲမှာလည်း ရောဂါပိုးကူးစက်နိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ ဒါကို Breakthrough Infection လို့ခေါ်ပါတယ်။ Breakthrough Infection ဆိုတာက ကိုဗစ်ရောဂါကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးထားတယ်၊ ဒုတိယအကြိမ်ထိုးနှံပြီးလို့ နှစ်ပတ်ကျော်သွားပြီး နောက်ပိုင်းမှာ သူ့ကို ထပ်မံစမ်းသပ်ကြည့်လိုက်လို့ ရောဂါပိုးတွေ့ရှိတယ်၊ ပိုးကူးစက်ခံရတယ် ဒါမျိုးတွေရှိနိုင်ပါတယ်။ ဒါမျိုးတွေကို အခုထက်ထိ သုတေသနပြုနေဆဲဖြစ်ပါတယ်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန(CDC) က ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးပြီးသူတွေမှာလည်း ရောဂါပိုးပြန်လည်ကူးစက်မှု အနည်းငယ်ဖြစ်နိုင်ခြေရှိတယ်လို့ ပြောထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ လူတွေက ဘာပြောလဲဆိုရင် "ကာကွယ်ဆေးထိုးထားလည်း

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြန်ဖြစ်တာပဲ၊ ဘာလုပ်မှာလဲ၊ ဘာလို့ထိုးထားမလဲ၊ အသားနာတာပဲရှိတယ်” ဒီလိုမျိုး ပြည်သူတွေကြားထဲမှာ ဝိဝါဒကွဲပြားစရာဖြစ်ပါတယ်။ သို့သော် ကာကွယ်ဆေးထိုးထားခြင်းရဲ့ အလွန်ထင်ရှားတဲ့ ကောင်းကျိုးတွေရှိပါတယ်။

လက်ရှိအမေရိကန်နိုင်ငံမှာ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၆၂ သန်းရှိပါတယ်။ ဒီလို ကာကွယ်ဆေးအမြောက်အမြား ထိုးနှံနိုင်တဲ့အတွက်ကြောင့် ရောဂါလက္ခဏာပြတဲ့ ရောဂါပိုးတွေ့ရှိသူ တစ်ပတ်ကို ၃၅၀၀၀ သာ ရှိပါတော့တယ်။ ဒါကိုကြည့်ရင် ကာကွယ်ဆေးထိုးပြီးသူ ၁၆၂ သန်းရှိတဲ့အတွက် ရောဂါဖြစ်ပွားသူနည်းတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါက ဘယ်လောက်ကောင်းကျိုးရှိတယ်ဆိုတာ သိနိုင်ပါတယ်။

ဒါဆိုရင် Breakthrough Infection တွေ မရှိဘူးလားဆိုတော့ ရှိနိုင်ပါတယ်။ သုတေသနတစ်ခုနဲ့ တစ်ခု နည်းနည်းကွဲပြားပါတယ်။ အများစုသောသုတေသနက CDC ၀ ဒသမ ၀၂ ရာခိုင်နှုန်း ပဲရှိတယ်လို့ပြောပါတယ်။ တချို့ သုတေသနတွေကတော့ ၀ ဒသမ ၀၅ ရှိတယ်ဆိုတော့ ပြောရရင် ရာခိုင်နှုန်းအားဖြင့် နည်းပါးတယ်။ သို့သော် အခုနောက်ပိုင်းမှာ ဒယ်လ်တာဗီဇပြောင်းပိုး ပေါ်ထွက်လာတာနဲ့အတူ Breakthrough Infection လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးပြီးတဲ့သူတွေမှာ ပိုးတွေ့ရှိမှုကတော့ ပြန်လည်မြင့်လာတဲ့သဘောရှိပါတယ်။

**ဆေးထိုးထားပြီးနောက် ကူးစက်ခံရတယ်ဆိုတာကတော့ လူဦးရေပမာဏ အလွန်နည်းတယ်လို့ပြောပါတယ်။ ဘယ်လိုမှာ ပိုပြီးတွေ့သလဲဆိုတော့ အသက်ကြီးတဲ့သူတွေ၊ ကိုယ်ခံအား ကျနေတဲ့သူတွေမှာ ပြန်ဖြစ်နိုင်နှုန်း သာမန်ထက်ပိုများနိုင်ပါတယ်။ သာမန်ပြည်သူလူထုမှာတော့ ဆေးထိုးပြီးပြန်ဖြစ်တယ်ဆိုတာ အလွန်နည်းပါတယ်။ ကာကွယ်ဆေးရဲ့ အကျိုးရှိမှု၊ ထိရောက်မှုက တကယ်ကို ကောင်းမွန်ပါတယ်လို့ ပြောထားပါတယ်။ ကာကွယ်ဆေးထိုးပြီး ပြန်ဖြစ်တယ်ဆိုတာ အလွန်ရှားတယ်၊ ရာခိုင်နှုန်းနည်းတယ်ဆိုပြီး CDC က ပြောပါတယ်။**

ကာကွယ်ဆေးရဲ့ ကာကွယ်နိုင်မှုတွေ၊ ကာကွယ်ဆေးထိုးနှံနိုင်မှု၊ လွှမ်းခြုံနိုင်မှုတွေ များလာလေလေ Breakthrough ဖြစ်တာ နည်းလာလေလေဖြစ်ပါတယ်။ ဒီအပေါ်လည်း မူတည်နေပါတယ်။ ကာကွယ်ဆေးရဲ့ထိရောက်မှုကို ဘယ်အရာတွေက နှောင့်ယှက်ဖျက်ဆီးနေသလဲဆိုရင် ကူးစက်မှုတွေကို မြန်ဆန်စေတဲ့၊ ကမ္ဘာမှာ ဖြစ်ပွားမှုများစေတဲ့ ဒယ်လ်တာပဲ ဖြစ်ပါတယ်။ WHO ရဲ့ ဇူလိုင် ၂၇ ရက်နေ့ ထုတ်ပြန်ချက်အရဆိုရင် ၁၃၂ နိုင်ငံကို ရောက်ရှိနေပြီဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် ဇွန်လကုန်မှာ ၂၀ ရာခိုင်နှုန်းကျော်ကနေ ဇူလိုင်လကုန်မှာ ၈၀ ရာခိုင်နှုန်းကျော်ရှိမယ်လို့ တွက်ဆထားပေမယ့် တကယ်ဇူလိုင်လကုန်မှာ ဒယ်လ်တာရဲ့ ကူးစက်မှုက ၈၃ ရာခိုင်နှုန်းဖြစ်နေပြီဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ယူကေမှာတော့ ဖြစ်ပွားမှုရဲ့ ၁၀၀ ရာခိုင်နှုန်း နီးနီးက ဒယ်လ်တာလို့ ပြောရတဲ့အနေအထားဖြစ်ပါတယ်။

ကာကွယ်ဆေးနဲ့ ပတ်သက်ရင် ကာကွယ်ဆေးထိုးနှံထားတဲ့လူတွေမှာ ဘယ်လိုအကျိုးကျေးဇူးတွေ ဖြစ်နိုင်သလဲ၊ ထိုးနှံထားသူနဲ့ မထိုးရသေးသူ ဘယ်လိုကွာခြားသလဲဆိုရင် Viral load လို့ခေါ်တဲ့ ဗိုင်းရပ်စ်ရဲ့ပမာဏက ကာကွယ်ဆေးထိုးထားသူမှာ ၄၀ ရာခိုင်နှုန်းလျော့ပါတယ်။ ဒါဟာ နည်းနည်းနော်နော် ပမာဏမဟုတ်ပါဘူး။ ၁ မီလီလီတာမှာ အရင်တုန်းက ကာကွယ်ဆေးမထိုးထားသူက ၃ ဒသမ ၈ အထိပွားနိုင်ပေမယ့် ထိုးထားတဲ့အတွက် ၂ ဒသမ ၃ ပဲပွားပါတော့တယ်။

ကူးစက်နိုင်တဲ့ ရက်ကိုကြည့်မယ်ဆိုရင်လည်း ဆေးထိုးထားသူမှာ အလွန်တိုသွားပါတယ်။ ဆေးမထိုးထားတဲ့သူမှာ ကူးစက်နိုင်တဲ့ရက်က ၈ ဒသမ ၉ ရက်အထိရှိနိုင်ပေမယ့် ဆေးထိုးထားတဲ့သူမှာ ၂ ဒသမ ၇ ရက်၊ ၃ ရက်တောင်မရှိတော့ဘူးဆိုတော့ အတော့်ကို သိသာသွားတဲ့အနေအထား ဖြစ်ပါတယ်။

ဆေးထိုးပြီးသားသူတွေမှာ ဖျားနာတဲ့သံသယလက္ခဏာဖြစ်ပေါ်မှုအနေနဲ့လည်း နည်းသွားပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့သူမှာ ၆၃ ရာခိုင်နှုန်းလောက်က ဖျားတဲ့လက္ခဏာပြပေမယ့် ကာကွယ်ဆေးထိုးထားရင်တော့ ၂၅ ရာခိုင်နှုန်းပဲ ဖျားနာတဲ့လက္ခဏာရှိတတ်ပါတယ်။

ဒ့ါအပြင် ကိုဗစ် – ၁၉ ရဲ့ ရောဂါလက္ခဏာတွေ ခံစားရတဲ့အချိန်ကာလကလည်း တိုသွားပါတယ်။ ဆေးမထိုးထားတဲ့သူမှာ ရောဂါလက္ခဏာရဲ့ အချိန်ကာလကြာမှုက ၁၆ ဒသမ ၇ ရက် ကြာပေမယ့် ဆေးထိုးထားသူမှာ ၁၀ ဒသမ ၃ ရက်ပဲ ကြာတဲ့အတွက် ရောဂါလက္ခဏာ ခံစားရချိန်တိုသွားပါတယ်။ ဒါတွေက ကျန်းမာရေးဝန်ထမ်းတွေမှာ


ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် သံဃာတော်များ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။ ဓာတ်ပုံ(ကိုမင်း)

လုပ်ဆောင်ထားတဲ့ သုတေသနတွေ့ရှိချက်ဖြစ်ပါတယ်။

ဒီတွေ့ရှိချက်အရဆိုရင် ဗိုင်းရပ်စ်ရဲ့ပမာဏကလည်း ၄၀ ရာခိုင်နှုန်းလျော့ကျမယ်၊ တစ်နည်းအားဖြင့် သူရောက်ပြီဆိုတာနဲ့ ကိုယ်ခံအားက တိုက်ထုတ်တဲ့အတွက် ခန္ဓာကိုယ်မှာ ကြာကြာမနေနိုင်ဘူးဆိုတော့ ရောဂါလက္ခဏာဖြစ်ပွားမှု၊ ဖျားနာနိုင်တဲ့အန္တရာယ်ကလည်း နည်းသွားမယ်၊ ရောဂါလက္ခဏာတွေခံစားရတဲ့ကာလကလည်း တိုသွားမယ်ဆိုတာတွေက ထူးခြားချက်ဖြစ်ပါတယ်။

ဘယ်လောက်အထိ ကာကွယ်ဆေးက ရောဂါကူးစက်မှုကို ထိရောက်နိုင်သလဲဆိုရင် ကာကွယ်ဆေးအပြည့်ထိုးထားတဲ့သူမှာ ၉၁ ရာခိုင်နှုန်း ထိရောက်ပြီး ကာကွယ်ဆေးတစ်ကြိမ် ထိုးထားသူ၊ အပြည့်မထိုးရသေးသူတွေမှာ ၈၁ ရာခိုင်နှုန်း ထိရောက်ပါတယ်။ ဒီတွေ့ရှိချက်က ဒီဇင်ဘာ ၁၄ ရက်မှ ဧပြီ ၁၀ ရက်အတွင်းမှာ ကျန်းမာရေးဝန်ထမ်းတွေမှာ ပြုလုပ်ထားတဲ့ လေ့လာတွေ့ရှိချက်ဖြစ်ပါတယ်။

လက်ရှိ WHO က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေက ‘ဒယ်လ်တာ’အပါအဝင် ကိုဗစ် – ၁၉ ရောဂါပိုးဗီဇမျိုးကွဲတွေကို ကောင်းစွာ ကာကွယ်ပေးနိုင်တဲ့ အာနိသင်ရှိပါတယ်။ ကာကွယ်မှုအနေနဲ့ အနည်းငယ်လျော့ကျနိုင်ပေမယ့် ကောင်းစွာကာကွယ်နိုင်ပါတယ်။ ဒယ်လ်တာနဲ့ နဂိုမူလ ကိုဗစ် – ၁၉ ရောဂါပိုးနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကူးစက်မှုက ဒယ်လ်တာက အလွန်လျင်မြန်ပါတယ်။ ဘယ်လောက်အထိ မြန်သလဲဆိုရင် အရင်က တကယ့်ကူးစက်မြန်တယ်ဆိုတဲ့ SARS , MERS ပိုးတွေ၊ အီဘိုလာရောဂါပိုးတွေ၊ သာမန်အအေးမိနှာစေးစေတဲ့ ပိုးတွေ၊ ရာသီတုပ်ကွေး Season Flu တွေ၊ ၁၉၁၈ ခုနှစ်မှာ ဖြစ်ပွားတဲ့ Spanish Flu တွေ၊ ကျောက်ရောဂါပိုးတွေထက်စာရင် ပိုပြီးကူးစက်မြန်တယ်ဆိုတော့ ဒယ်လ်တာရဲ့ ကူးစက်မြန်မှုက ဒုက္ခပေးနိုင်စွမ်းများတယ်ဆိုတာ သိစေချင်ပါတယ်။

တချို့သောသူတွေက ‘ဒယ်လ်တာ’ဗီဇပြောင်းပိုးရဲ့ အစွမ်းကို လျှော့တွက်ကြတာရှိပါတယ်။ လျှော့မတွက်ကြပါနဲ့။

နောက်တစ်ခုက ရေကျောက်ရောဂါပိုးနဲ့ဆိုရင် သူ့ရဲ့ကူးစက်နိုင်မှုက တန်းတူလောက်ရှိနေပါတယ်။ ဝက်သက်ရောဂါပိုးကတော့ ‘ဒယ်လ်တာ’ထက်ပိုပြီး ကူးစက်မြန်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါပိုးကို ဖြစ်စေနိုင်တဲ့ SARS–CoV–2 ရဲ့မျိုးနွယ်တွေက အများကြီးရှိသော်လည်း လူကို ကူးစက်စေနိုင်တဲ့ မျိုးနွယ်အနေနဲ့ ၇ ခုပဲရှိပါတယ်။ အဆိုးဆုံးကတော့ သုံးခုရှိပါတယ်။

အဲဒါတွေကတော့ SARS, MERS နဲ့ အခု ကိုဗစ် – ၁၉ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ က အဆိုးဆုံးဖြစ်ပါတယ်။ ကျန်တဲ့လူမှာဖြစ်တဲ့ ၄ မျိုးကတော့ သာမန်အအေးမိ၊ ဖျားနာလောက်ဖြစ်ပြီး အကြီးအကျယ် ဒုက္ခမပေးနိုင်ပါဘူး။ ဒါဆိုရင် သူ့ရဲ့မျိုးနွယ်တွေကတော့ SARS တို့၊ MERS တို့ ဖြစ်တယ်ဆိုတာ ပြောလိုခြင်းဖြစ်ပြီး ပေ့ါဆလို့မရဘူးဆိုတာကို သိစေချင်ပါတယ်။

ကိုဗစ် – ၁၉ ကို စစ်ဆေးတဲ့အခါ RT PCR နည်းပညာမှာ CT value ဘယ်လောက်ရှိသလဲဆိုတာနဲ့ ဖြတ်ပြီးပိုးရှိတယ်၊ မရှိဘူးဆုံးဖြတ်တာဖြစ်ပါတယ်။ CT value နိမ့်လေလေ ပိုးကောင်ရေများလေလေဖြစ်ပါတယ်။ CT value များလေလေ ပိုးကောင်ရေ နိမ့်လေလေဖြစ်ပါတယ်။ ‘ဒယ်လ်တာ’ ပိုးမျိုးဗီဇမှာ CT value က အတော့်ကို နိမ့်ပါတယ်။ အိန္ဒိယမှာ ကာကွယ်ဆေးထိုးပြီးနောက်ပြန်ဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းအချို့ကို ပြုလုပ်ထားတဲ့ သုတေသနအရ ‘ဒယ်လ်တာ’ကြောင့် ရောဂါကူးစက်ခံရတယ်ဆိုရင် CT value နိမ့်တယ်ဆိုတာကို တွေ့ရပါတယ်။ ဘယ်လောက်အထိကွာသလဲဆိုရင် ၂ ဒသမ ၅ နည်းပါတယ်။ ‘ဒယ်လ်တာ’ကြောင့်ဆိုရင် CT value က ၁၆ ဒသမ ၅ ရှိပေမယ့် ‘ဒယ်လ်တာ’ မဟုတ်သူတွေမှာ CT value က ၁၉ ရှိတယ်ဆိုတာကို သိစေချင်ပါတယ်။ နောက်တစ်ခုက ‘ဒယ်လ်တာ’ ပိုးကူးစက်ပြီဆိုရင် CT value နိမ့်ခြင်း၊ ပိုးကောင်ရေများခြင်းက ၁၈ ရက်ကြာတယ်၊ နဂိုမူလပိုးဆိုရင် ၁၃ ရက်ကြာတယ်ဆိုတာကို တွေ့ရပါတယ်။ ရောဂါပိုးကူးစက်ခံရတယ်၊ ပြန်ဖြစ်တယ် အဲဒါကို Reinfection လို့ ခေါ်ပါတယ်။ Reinfection ကလည်း ‘ဒယ်လ်တာ’ကြောင့်ဆိုရင် ၁ ဒသမ ၄၆ ဆ များပါတယ်။ လွယ်လွယ်ပြောရမယ်ဆိုရင် တစ်ဆခွဲများပါတယ်။ Reinfection က ယခင်က ပိုးကူးစက်ခံရသူက ပြန်ပြီးကူးစက်ခံရတာကို ဆိုလိုတာဖြစ်ပါတယ်။ ဒါဟာ ခြောက်လကြာပြီးနောက် ပြုလုပ်တဲ့လေ့လာတွေ့ရှိချက်ဖြစ်ပါတယ်။ ပြောချင်တာက ခြောက်လအတွင်းဆိုရင် Reinfection လို့ခေါ်တဲ့ ရောဂါပိုးကူးစက်ခံရသူတွေမှာလည်း ပြန်ဖြစ်တာ ရှားတယ်ဆိုတာကို သိစေချင်ပါတယ်။

နောက်တစ်ခုက **ကာကွယ်ဆေးထိုးထားတဲ့သူတွေမှာရော ဆေးမထိုးထားတဲ့သူတွေလို ‘ဒယ်လ်တာ’မျိုး ဗီဇပိုးကူးစက်ခံရနိုင်သလားဆိုရင် ကူးစက်နိုင်ခြေရှိတယ်ဆိုတဲ့ သုတေသနတွေ့ရှိချက်တွေ ရှိပါတယ်။ ဒါပေမယ့် သူ့ရဲ့ကူးစက်နိုင်မှုက အချိန်ကာလတိုတယ်၊ ကူးစက်နိုင်မှုကလည်း နည်းတယ်ဆိုတဲ့ အထောက်အထားတွေရှိပါတယ်။ CDC ကလည်း ပြောထားတာရှိပါတယ်။ ‘ဒယ်လ်တာ’ ပိုးကူးစက်ခံရသူတွေက နှာခေါင်းနဲ့ လည်ချောင်းမှာ ပိုးအရေအတွက် အများကြီးရှိတယ်။ ‘ဒယ်လ်တာ’ ကူးစက်ခံရသူက အခြားသူထက် ပိုးကို အဆတစ်ထောင်ပိုပြီးသယ်ဆောင်နိုင်တယ်ဆိုတဲ့ အထောက်အထား၊ သုတေသနတွေလည်းရှိပါတယ်။**

ကာကွယ်ဆေးထိုးထားတဲ့အတွက် နှာခေါင်းနဲ့ လည်ချောင်းမှာ ရောဂါပိုးရောက်နေပြီဆိုပြီး ခန္ဓာကိုယ်က အချက်ပေးလိုက်တဲ့အခါ နှာခေါင်းနဲ့လည်ချောင်းမှာရှိနေပြီးသား ကိုယ်ခံစွမ်းအားစစ်သည်တွေက ရောဂါပိုးတွေကို လာပြီးတိုက်ခိုက်ပါတယ်။ အစပိုင်း ၂ ရက်လောက်မှာတော့ သူတို့အနေနဲ့ လုံလောက်အောင် တိုက်ခိုက်နိုင်စွမ်းမရှိဘူး။ သို့သော် နောက်ပိုင်းမှာ ခန္ဓာကိုယ်က ကိုယ်ခံစွမ်းအားတွေက စုပေါင်းပြီးတိုက်တဲ့အခါ အဆုတ်ကိုရောက်ရှိဒုက္ခပေးနိုင်တဲ့၊ ဝေဒနာခံစားရတဲ့အထိဖြစ်နိုင်တဲ့အခြေအနေကို မရောက်တော့ဘဲ သာမန်နှာစေး၊ ချောင်းဆိုး၊ ဖျားတာလောက်နဲ့ပဲ ပြီးသွားပါတယ်။ အစောပိုင်းကာလ ၂ ရက်မှာ သူက သူများကို ကူးစက်နိုင်ပါတယ်။ ဒါကြောင့် CDC ရဲ့ လမ်းညွှန်ချက်အသစ်က ကာကွယ်ဆေးနှစ်ကြိမ် ထိုးထားပြီးရင်တောင်မှ ရက်အနည်းငယ် သူများကို ကူးစက်နိုင်စွမ်းရှိတဲ့အတွက် လူအများနဲ့တွေ့ဆုံတဲ့အခါ ပါးစပ်နှာခေါင်းစည်း Mask ကိုပြန်တပ်ဖို့ ထုတ်ပြန်ချက်အသစ်လည်း ရှိပါတယ်။

တချို့တွေကတော့ ပိုးကောင်ရေအနေနဲ့ ဒယ်လ်တာသည် ၁၀ ဆများတယ်လို့ ပြောကြတာ ရှိပါတယ်။ ဒယ်လ်တာမျိုးဗီဇက ရောဂါကိုပြင်းထန်ဆိုးရွားစွာ ဖြစ်စေနိုင်ပါတယ်။ ကနေဒါမှာ ပြုလုပ်တဲ့ သုတေသနအရဆိုရင် ဆေးရုံတက်ရောက်ရမှုက ၂ ဒသမ ၂ ဆ များပါတယ်။ အထူးကြပ်မတ်ကုသဆောင်ထဲရောက်ရမှုက ၃ ဒသမ ၈၇ ဆ များပါတယ်။ ဒါဆိုရင် ဆေးရုံတက်ရောက်ရမှု နှစ်ဆကျော်၊ အထူးကြပ်မတ်ကုသဆောင်(ICU) ထဲရောက်ရမှုက လေးဆနီးနီး များတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ သေဆုံးမှုက ၂ ဒသမ ၃၇ ဆိုတော့ နှစ်ဆခွဲလောက် သေဆုံးနိုင်ပါတယ်။ ဒါဆိုရင် ဒယ်လ်တာမျိုးဗီဇက လုံးဝပေ့ါဆလို့မရဘူးဆိုတဲ့အနေအထား ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာပြုလုပ်တဲ့ သုတေသနအရဆိုရင် သူက အောက်ဆီဂျင်လိုအပ်မှု၊ ICU ရောက်ရှိမှု၊ သေဆုံးမှုတွေကို ၄ ဒသမ ၉ ဆ၊ ၅ ဆနီးနီးပိုများစေတယ်လို့ ပြောပါတယ်။ ဒယ်လ်တာမျိုးဗီဇက အဆုတ်ရောင် နမိုးနီးယားဖြစ်ပွားမှုကိုလည်း ၁ ဒသမ ၈၈ ဆ (၂ ဆနီးပါး) ပိုများတယ်လို့ အဓိပ္ပာယ်ရပါတယ်။

စကော့တလန်မှာပြုလုပ်တဲ့ သုတေသနအရ ဆေးရုံတက်ရောက်ရမှုကို ၁ ဒသမ ၈၅ ဆ (၂ ဆနီးနီး)များတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒယ်လ်တာမျိုးဗီဇသည် ကူးစက်မှုအနေနဲ့ ကာကွယ်ဆေးထိုးထားသူမှာလည်း ကူးစက်မှုမြန်စေတယ်၊ ကာကွယ်ဆေးမထိုးထားသူမှာ ကူးစက်ခံရပြီဆိုရင် ရောဂါပြင်းထန်မှု၊ သေဆုံးမှုတွေများနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောလိုခြင်းဖြစ်ပါတယ်။

ပြည်သူတွေကိုသိစေချင်တာက ဒယ်လ်တာမျိုးဗီဇသည် အလွန်ကူးစက်မြန်ပါတယ်။ Lancet မှာပြုလုပ်တဲ့ သုတေသနအရဆိုရင် လူ ၅ ယောက်က ရှစ်ယောက်ကူးစက်နိုင်တယ်ဆိုတော့ သူ့ရဲ့ ကူးစက်နိုင်မှုသည် အလွန်မြန်ပါတယ်။

*စာမျက်နှာ ၁၈ သို့*

# ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် (ဒုတိယအကြိမ်) အလှူငွေနှင့်ပစ္စည်းများပေးအပ်

ပုသိမ် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အတွက် (ဒုတိယ အကြိမ်) အလှူငွေနှင့် ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်း မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးက လက်ခံရယူသည်။



ထို့နောက် အလှူငွေများ ဆက်လက်ပေးအပ်ရာ Ayeyar Hinthar Holdings နှင့် ပုသိမ်စက်မှုမြို့တော် စီမံကိန်းက ငွေကျပ် ၂၇၄ သိန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကုသဆေး ရှစ်မျိုး၊ ဟသ်ာတမြို့ Family Hotel နှင့် Family မိသားစုရွှေဆိုင်က ငွေကျပ်သိန်း ၂၀ ၊ ဦးရဲထွန်းဝင်းနှင့်ဇနီး ဒေါက်တာခိုင်ခင်ဖြူ Newton International College မိသားစုက O2 regulator 40 L ငါးအိုး၊ Su Paing Lynn Co.,Ltd ရန်ကုန်မြို့၊ Able Winners Co.,Ltd ရန်ကုန်မြို့ နှင့် Good Brings Co.,Ltd ရန်ကုန်မြို့တို့က ငွေကျပ် ၁၀ သိန်းစီ ၊ ယုဇနကုမ္ပဏီ လီမိတက်က Oxygen Concentrator တစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင်များအသင်း ချုပ်၊ မြောင်းမြမြို့ (သစ်လွင် စက် ပစ္စည်းရောင်းဝယ်ရေး) ဦးဝင်းလွင်နှင့်ဇနီး ဒေါ်ချိုမာလွင် မိသားစု၊ မြောင်းမြမြို့ ဦးထွန်းထွန်းဦး မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ အလှူရှင်များက လှူဒါန်းသည့် စုစုပေါင်း တန်ဖိုးငွေမှာ ငွေကျပ် ၈၂၆ သိန်း ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့် ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးရှိ တပ်မတော်ဆေးရုံ များ၊ နယ်မြေခံသင်တန်းကျောင်း များ၊ စစ်ကြောရေးနှင့်တည်းခိုရေး စခန်းများ၌ ကြိုတင်ပြင်ဆင်မှု များကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ် တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင် ရာတာဝန်ရှိသူ များ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း ၍လည်း သက်ဆိုင်ရာမြို့နယ်များ ၌ Quarantine Center များကို လည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက် ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တာဝန်ရှိ သူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူ ပြုပစ္စည်းများ၊ အာဟာရဖြည့်စား သောက်ဖွယ်ရာများနှင့် အလှူငွေ များပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေတို့ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ပြင်ဆင် လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်း၌ သီးသန့်စောင့်ကြည့်ရ မည့်သူ အမျိုးသား ၁၇၁ ဦးနှင့် အမျိုးသမီး ၁၇၆ ဦး စုစုပေါင်း ၃၄၇ ဦးကို လည်းကောင်း၊ ဥတ္တရ သီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ ကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ် စစ်ကြော ရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲ အတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၈၂ ဦးနှင့် အမျိုးသမီး ၂၅၀ စုစုပေါင်း ၅၄၂ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့ လူနာအမျိုးသား ၈၂ ဦး နှင့် အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၁၃၄ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုပိုးတွေ့ သံဃာ တော် အပါး ၄၀ တက်ရောက်ကုသ လျက်ရှိသည့် ရန်ကုန်တိုင်းဒေသ ကြီး အင်းစိန်မြို့နယ်ရှိ သီရိ မင်္ဂလာ မဟာသာသနာ့ဗိမာန် တော်နှင့် ကုသရေးစင်တာများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုပိုးတွေ့ ရဟန်း၊ သံဃာတော်များကို ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဗုဒ္ဓသာသနာ့သံဃာ့ ဆေးရုံတွင် ဇူလိုင် ၂၆ ရက်နေ့မှစ၍ ကုသပေးလျက်ရှိရာ ယနေ့အချိန် ထိ ၁၄ ပါး တက်ရောက် ကုသခဲ့ပြီး နှစ်ပါး ပြန်လည်ကောင်းမွန်ခဲ့ သည်။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ဆရာဝန် ခြောက်ဦး၊ သူနာပြု လေးဦး၊ ကျန်းမာရေး ဝန်ထမ်း သုံးဦး၊ ပရဟိတ စေတနာ့ ဝန်ထမ်း ခြောက်ဦး၊ ပဉ္စာသမဏ ၂၄ ဦး စုစုပေါင်း ၄၃ ဦးဖြင့် စောင့်ရှောက် ကုသပေးလျက်ရှိပြီး နံနက်၊ နေ့လယ်၊ ညနေဖြည့်စွက် အာဟာရများဖြင့် နေ့စဉ်ကုသိုလ် ပြုပေးလျက်ရှိရာ စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် ရဟန်း၊ သံဃာတော်တစ်ပါး(အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်) အတွက် ခုနစ်ထောင်ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ် တားဆီး ကုသ ရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်း များ၊ အလှူငွေများကို လည်း ကောင်း ပါဝင်လှူဒါန်းနိုင်ကြောင်း နှင့်ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတွင် လိုအပ်လျက်ရှိသည့် အောက်ဆီ ဂျင်အိုးများကိုလည်း လှူဒါန်းနိုင် ကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာ များနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့ လူနာများ၏ နေထိုင်စားသောက် ရေးနှင့် ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင် ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

နဂိုမူရင်းပိုးထက် နှစ်ဆကျော် ကူးစက်မှုမြန်ပါ တယ်။ ဒါဆိုရင် ကူးစက်မှုကလည်း အလွန်မြန်တယ်၊ ပိုပြီး ပြင်းထန်စွာဖြစ်စေနိုင်တယ်၊ ဆေးထိုးပြီးရင် တောင် Breakthrough Infection လို့ခေါ်တဲ့ ပြန်ပြီးရောဂါ ဖြစ်နိုင်စွမ်းကလည်း အနည်းငယ် ရှိတယ်ဆိုတော့ ပေါ့ဆလို့မရပါဘူး။

သို့သော် ကာကွယ်ဆေးတွေက ရောဂါပြင်းထန် စွာ ဖြစ်ပွားမှုက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ် နိုင်တာဖြစ်တဲ့အတွက် ကာကွယ်ဆေးထိုးနှံသင့် တယ်ဆိုတာကို သိစေချင်ပါတယ်။ Mask ပါးစပ် နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စု ရှောင်တာ၊ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာ နေတာ၊ ချောင်းဆိုး၊ နှာချေရင် အုပ်ဆိုးတာ၊ လေကောင်းလေသန့်ရတဲ့ နေရာတွေမှာနေတာ ဒါတွေက ကာကွယ်ဆေးနဲ့ အလားတူအရေးပါ တယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးထားတယ်ဆိုပြီး ပေါ့ဆလို့ မရပါဘူး။ သေချာတာကတော့ ဒီရောဂါကြောင့် သေဆုံးဖို့ရာခိုင်နှုန်းနည်းသွားတာက အသေ အချာပါပဲ။ သို့သော် နောက်ခံရောဂါရှိသူ၊ အသက် ကြီးသူတွေမှာတော့ ဂရုစိုက်ရမယ့် အနေအထား ဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပြည်သူလူထုကို သိစေချင် ပါတယ်။ ကာကွယ်ဆေးထိုးနှံခွင့်ရသူတွေအနေနဲ့ မိမိအတွက် ဆုလဒ်ကြီးလို့ယူဆပြီး အမြန်ဆုံး ထိုးနှံပါ။ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အလိုက် ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရှိသူ တွေကို အကြောင်းကြားပေးမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူးစက်မှုမရှိစေဖို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းတွေအတိုင်း ထိုးနှံပေးမှာဖြစ်ပါတယ်။

ဆန္ဒတွေသိပ်မစောကြပါနဲ့။ တစ်မြို့နယ်ချင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကာကွယ် ဆေးထိုးနှံခွင့်ရရှိသူတွေ မကျန်ရအောင် ဆောင်ရွက် မှာဖြစ်ပါတယ်။ ကာကွယ်ဆေးက လက်ရှိမှာ သုံးသန်းရှိပါတယ်။ လူ သုံးသန်းကို ထိုးနှံပေးမှာ ဖြစ်တဲ့အတွက် ထိုးနှံခွင့်မရမှာကို စိုးရိမ်စရာ မလိုပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အတည်ပြု ချက်နဲ့ အရေးပေါ်အသုံးပြုခွင့်ရတဲ့ ကာကွယ်ဆေး တွေကိုပြည်သူလူထုကို ထိုးနှံပေးတာဖြစ်တဲ့အတွက် စိတ်ချယုံကြည်စွာနဲ့ ထိုးနှံပါ။ ဒီလိုထိုးနှံခြင်းအားဖြင့် အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိနေသူတွေ ကိုလည်း ထိထိရောက်ရောက် ကာကွယ်နိုင် ပါတယ်ဆိုတာ ပြည်သူလူထုကို သိစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၈-၂၀၂၁ စနေနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၃၀** နဝင်္ဂဥပေါသထသီလ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ပြည်သူ့နီတိ 'ပေဋကလက်ကမ်း'
**၁၂:၃၀** 'သင့်သဘောအတိုင်းပါပဲ' တရားတော်
**၁၃:၂၀** အတွေးအမြင် (အပိုင်း-၁)
**၁၃:၃၅** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'မြေခွေးနှင့်စပျစ်သီး'
**၁၆:၅၀** အာဆီယံအမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (ထိုင်းနိုင်ငံ)
**၁၇:၀၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှို့ရှက်ချက်' (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၂၁:၂၀** 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ဇာတ်တော်ကြီး-ပထမဆု) (ပထမပိုင်း)

**mitv**

**07:01** News
**07:26** Great Shwedagon - The Prayer Halls And Buddha Images (Part-1)
**07:52** Thin Byu Mat
**08:00** Weekly Review
**08:16** Mulberry Art Painting: Muu Muu
**08:30** Paper Flower
**08:36** Daingnak Style
**08:50** Myanmar Traditional Art Bronze Casting
**09:01** Myanmar Family Life: Myanmar Code of Dress
**09:14** Serene and Happy Rural Life in Myanmar
**09:25** Chef Life: Myo Min Soe Oo
**09:35** Travelogue: Ngwe Saung Beach
**09:56** Dances of Myanmar (Bwe Traditional Dance)
**11:21** Tea Leaves

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** တိမ်တိုက်ကြားကဘောဂလီ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ရုံးပတီသီးနှင့်ကျန်းမာရေး
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဝါခေါင်လဖြစ်တည်ရာ ချည်ဖြူပွဲ့မင်္ဂလာ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** နွားနောက်သားဆန်ပြုတ်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ပို့ငွေ့ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၅)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ဖိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
**၁၁:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည်ကို တွေ့ရှိရ

**နေပြည်တော် ဩဂုတ် ၆**

လက်ရှိအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အများစုတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုသည် ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည်ကို တွေ့ရှိနေရပါကြောင်း၊ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ ရောဂါဖြစ်ပွားမှုတန်းနေခြင်းကို တွေ့ရှိနေရပါကြောင်း၊ ရောဂါဖြစ်ပွားမှုများ ဆက်လက်ကျဆင်းလာရေးအတွက်လည်း ပိုမိုအားစိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံရေး အစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video conferencing စနစ်ဖြင့် ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ လူနာသေဆုံးမှုများသည် ပိုးတွေ့လူနာများအနေဖြင့် မိမိနေအိမ်တွင် ကုသသူများတွင် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်တွင် ကုသခြင်းသည် ရောဂါကြောင့် သေဆုံးမှုနှုန်းများစေသလို အိမ်တွင်းရောဂါကူးစက်မှုနှုန်းကိုလည်း မြင့်မားစေပါကြောင်း၊

အထူးသဖြင့် အတူနေသက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများအား ကူးစက်ရာမှတစ်ဆင့် ၎င်းတို့တွင် အသက်အန္တရာယ်ရှိသည်အထိဖြစ်စေပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် ယခုအချိန်ကဲ့သို့ ကူးစက်မြန် ပြင်းထန်မျိုးဗီဇပြောင်းရောဂါပိုးကြောင့် ရောဂါဖြစ်ပွားမှုများပြားချိန်၌ မိမိအိမ်တွင် နေထိုင်သည့်အချိန်တွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို အချိန်ပြည့်တပ်ထားရန် လိုအပ်ပါကြောင်း။

ပိုးတွေ့သူအားလုံးကို ပြည်သူလူထုအခြေပြု အတည်ပြုလူနာ ကိုဗစ်လူနာကုသရေးစင်တာများသို့ ရောဂါပြင်းထန်မှုအလိုက် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူများအနေဖြင့် ဆေးဝါးများဝယ်ယူသုံးစွဲရာတွင် မူလကပင် ဈေးနှုန်းမြင့်မားသည့် Branded ဆေးဝါးများကို အလွန်မြင့်မားသည့် ဈေးနှုန်းများပေးကာ ဝယ်ယူသုံးစွဲခြင်းမပြုဘဲ အရည်အသွေးတူ၍ ဈေးနှုန်းချိုသာကာ အလွယ်တကူဝယ်ယူရရှိနိုင်သည့် အလားတူ ဆေးဝါးများ သုံးစွဲလာတတ်စေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှုန်းမှာ အားရစရာအခြေအနေဖြစ်၍ တစ်နိုင်ငံလုံး နေ့စဉ် ပျမ်းမျှထိုးနှံနိုင်မှု ၁၅၀၀၀၀ ခန့် ရရှိထိုးနှံနိုင်နေသည်ကို သိရှိရပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာထိုးနှံနိုင်ရေး အရေးကြီးပါကြောင်း၊ စာရင်းဇယားများလည်း သေချာစွာ မှတ်တမ်းထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကာကွယ်ဆေးထိုးအပ်များလည်း လုံလောက်စွာ ဖြန့်ဝေပြီး ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်နိုင်ငံလုံး ရည်မှန်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံသွားနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# စန္ဒကုမာရဇာတ်တော်

**မြတ်မင်းလှိုင်**

**ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ကြီးကို ပုပ္ဖဝတီဟု ခေါ်တွင်ခဲ့သည်။ ထိုပုပ္ဖဝတီပြည်၌ ဝသဝတ္တီမင်း၏ သားတော် ဧကရာဇ်သည် မင်းပြုလေသည်။ ထိုဧကရာဇ်မင်း၏သားတော်ကြီးမှာ စန္ဒကုမာရဖြစ်ပြီး အိမ်ရှေ့အရာ စံစားလေသည်။ ဧကရာဇ်မင်း၏ ပညာရှိ ပရောဟိတ်သည်ကား ခဏ္ဍဟာလဖြစ်လေသည်။**

ထိုခဏ္ဍဟာလပုဏ္ဏားအား ပညာရှိသောသူဖြစ်၍ တရားဆုံးဖြတ်ခြင်းပြုရာ လွှတ်သဘင်၌ တရားစီရင်ဆုံးဖြတ်ရန် အပ်နှင်းထားလေသည်။ ထိုခဏ္ဍဟာလပုဏ္ဏားသည် တရားစီရင်ရာ၌ မမှန်မကန်စီရင်လေ့ရှိပြီး တံစိုးလက်ဆောင် လာဘ်စားခြင်းတွင် လွန်ကဲလှသည်။ တစ်နေ့သောအခါတွင် ထိုပုဏ္ဏား၏ စီရင်ဆုံးဖြတ်မှု၌ တရားရှုံးနိမ့်ခဲ့ရသော ယောကျ်ားတစ်ဦးသည် တရားဆုံးဖြတ်ရာ လွှတ်သဘင်မှ ကြွေးကြော်လျက် ထွက်ခွာလေသည်။ ထိုအခါ နန်းတော်သို့ ဝင်လာသော စန္ဒကုမာရအား မြင်လေလျှင် မင်းသား၏ ရှေ့သို့ ပြေးဝင်လာကာ ခြေရင်း၌ ဝပ်ဆင်းငိုကြွေးလေသည်။ မင်းသားက အဖြစ်မှန်ကို မေးမြန်းသည့်အခါ ခဏ္ဍဟာလပုဏ္ဏားသည် တရားဆုံးဖြတ်ရာ၌ တံစိုးလက်ဆောင်ရယူပြီး မမှန်မကန်ဆုံးဖြတ်သဖြင့် မိမိတရားရှုံးခဲ့ရပါကြောင်း လျှောက်တင်လေသည်။ ထိုအခါ စန္ဒကုမာရမင်းသားလည်း အမှန်အတိုင်း ဖြစ်စေရမည် ဟု နှစ်သိမ့်စကားဆိုကာ တရားဆုံးဖြတ်ရာ လွှတ်သဘင်သို့ ပြန်လည် ခေါ်ဆောင်လာ၏။ ထို့နောက်မင်းသားသည် မြင့်သောတရားသူကြီး နေရာ၌နေ၍ အမှုကိုပြန်လည်စစ်ဆေးကာ ဖြောင့်မှန်သည့်အတိုင်း စီရင်ဆုံးဖြတ်တော်မူလေသည်။ ထိုအခါ လွှတ်သဘင်၌ရှိသော ပရိသတ်အပေါင်းတို့သည် အိမ်ရှေ့မင်းသည် ကောင်းစွာစီရင်ဆုံးဖြတ်ပေသည်ဟု ကြွေးကြော်၍ ကောင်းချီးပေးကြကုန်၏။




ထိုအဖြစ်အပျက်ကို ဧကရာဇ်မင်းကြားသိလျှင် လွန်စွာဝမ်းမြောက်တော်မူသောကြောင့် ခဏ္ဍဟာလ ပုဏ္ဏားအား ရာထူးမှချပြီး စန္ဒကုမာရမင်းသားအား တရားသဘင်၌ တရားဆုံးဖြတ်ရန် အပ်နှင်းလေသည်။ ထိုနေ့မှစပြီး ခဏ္ဍဟာလ ပုဏ္ဏားသည် လာဘ်လာဘပျက်ခဲ့ရသဖြင့် အိမ်ရှေ့မင်းသားအား ရန်ငြိုးဖွဲ့ပြီး မင်းသားပျက်စီးရာ ပျက်စီးကြောင်းကိုသာ အခွင့်စောင့်ဆိုင်းနေလေသည်။

ဧကရာဇ်မင်းသည် အလွန်ပညာနည်းလှသောမင်းဖြစ်သည်။ တစ်နေ့သ၌ ထူးဆန်းတင့်တယ်သော တာဝတိံသာနတ်ပြည်၌ အိပ်မက်မြင်မက်လေသည်။ အိပ်ရာမှနိုးလျှင် ထိုတာဝတိံသာနတ်ပြည်သို့ရောက်လိုခံစားပျော်မွေ့လိုသောစိတ်ကြောင့်နံနက်မိုးသောက်သောအခါ ခဏ္ဍဟာလပုဏ္ဏားအား အကြောင်းစုံပြောကြားကာ အကြံတောင်းလေသည်။ ခဏ္ဍဟာလပုဏ္ဏားသည် စန္ဒကုမာရ အိမ်ရှေ့မင်းသားအား ပျက်စီးအောင်ပြုရန် အခွင့်ရပြီဟုဝမ်းမြောက်စွာဖြင့် "သူတစ်ပါး စွန့်နိုင်လှုနိုင်ခဲ့သော အတိဒါနကိုပြုခြင်း၊ မသတ်အပ်သောသူတို့ကို သတ်ခြင်းတို့ဖြင့် နတ်ပြည်သို့ရောက်ကြကုန်၏"ဟု လျှောက်တင်၏။ ထိုအခါမင်းကြီးက အဓိပ္ပာယ်ကိုမသိ၍ ထင်ထင်ရှားရှား လျှောက်တင်ရန် မိန့်ကြားလေ၏။

ထိုအခါ ခဏ္ဍဟာလ ပုဏ္ဏားသည် ရဟန်း၊ ပုဏ္ဏား၊ ဖုန်းတောင်းယာစကာတို့အား အဝတ်အစားစသည်တို့ကို ပေးကမ်းစွန့်ကြဲခြင်းသည် ဒါနသာဖြစ်သည်။ မိမိရင်သွေး မိဖုရား၊ သူကြွယ်၊ နွားလားဥသဘ၊ အာဇာနည်မြင်း စသည် လေးခုစီ၏ ဦးခေါင်းကို သံလျက်ဖြင့်ဖြတ်လျက် ရွှေခွက်ဖြင့် လည်ချောင်းသွေးကို ခံယူပြီး တွင်း၌ထည့်လျက်ပူဇော်ခြင်း ဟူသောအတိဒါနကို ပြုခြင်းဖြင့် နတ်ပြည်သို့ရောက်နိုင်၏ဟု လျှောက်တင်လေသည်။

ထိုသို့ ဧကရာဇ်မင်းနှင့် ခဏ္ဍဟာလ ပုဏ္ဏားတို့သည် အတိဒါနစီရင်ရန် နှီးနှောပြောဆိုနေကြသည်ကို နန်းတော်တွင်း၌ ခစားကြလျက်ရှိသော ပရိသတ်မှူးမတ်အပေါင်း မောင်းမမိဖုရားအပေါင်းတို့ကြားလျှင် တုန်လှုပ်ကြောက်လန့်လျက် ငိုကြွေးကြလေသည်။ ပုဏ္ဏားလည်း ယဇ်ပူဇော်ခြင်းကို အမြန်ပြုလုပ်ရန် တိုက်တွန်းပြီး ကိုယ်တိုင်ယဇ်တွင်းကို စီရင်လေသည်။ တရားစောင့်သော ရဟန်းပုဏ္ဏားတို့တွေ့ရှိက တားမြစ်မည်ကို စိုးရိမ်သဖြင့် ယဇ်တွင်းကို မဝင်နိုင်အောင် ကာရံထားလေသည်။

ဧကရာဇ်မင်းသည် မင်းချင်းတို့ကိုခေါ်၍ မိဖုရားနှင့်အတူ သားတော်လေးပါးဖြစ်သော စန္ဒကုမာရ၊ သူရိယကုမာရ၊ ဘဒ္ဒသေန၊ ဝါမဂေါတ္တတို့ကို ခမည်းတော်မင်း ယဇ်ပူဇော်တော်မူမည့်အကြောင်းကို ပြောဆိုခေါ်ဆောင်စေလေသည်။ မင်းချင်းတို့သည် ရှေးဦးစွာ အိမ်ရှေ့စံ စန္ဒကုမာရမင်းသားထံသို့ ရောက်ရှိ၍ အကြောင်းစုံ လျှောက်တင်ကြလေသည်။ စန္ဒကုမာရမင်းသားလည်း မိမိအပေါ် ခဏ္ဍဟာလ ပုဏ္ဏားသည် အငြိုးထား၍ ကြံစည်ကြောင်း သိရှိလေလျှင် မိမိကြောင့်ကျန်သူများ မသေထိုက်ပါဘဲလျက် သေကြရတော့မည်။ ခမည်းတော်မင်းကြီးကို ဖူးမြင်ရလျှင် ထိုသူတို့သေဘေးမှ လွတ်အောင်ဆောင်ရွက်မည်ဟု စိတ်နှလုံးသွင်းကာ မင်းချင်းတို့နှင့် အတူလိုက်ပါသွားလေသည်။

မင်းချင်းတို့သည် သားတော်လေးပါးကို မင်းရင်ပြင်၌ သင့်တင့်စွာ ထား၍ မင်းကြီးထံသားတော်လေးပါးတို့ ရောက်ကြပြီဖြစ်ကြောင်း လျှောက်တင်ကြလေသည်။ ထိုအခါမင်းကြီးက သမီးတော်လေးပါးဖြစ်သော ဥပသေနာ၊ ကောကိလာ၊ မုဒိတာ၊ နန္ဒာတို့ကိုလည်း ခေါ်ဆောင်၍ မောင်တော်များအနီး နေစေရန် အမိန့်ချလေသည်။ ထို့နောက် မိဖုရားကြီးများ ဖြစ်သော သောဝဇယာ၊ ရောဝတီ၊ ကေသိနီ၊ သုနန္ဒာနှင့် သူဌေးကြီးလေးဦးဖြစ်သော ပုဏ္ဏမုခ၊ ဘဒ္ဒိယ၊ သိင်္ဂါလ၊ ဝဍ္ဍ တို့ကိုလည်း အသီးသီးခေါ်ဆောင်စုစည်း ထားရှိစေလေသည်။

မိဖုရား၊ သားတော်များ၊ သမီးတော်များကို ခေါ်ဆောင်စဉ်က ပြည်သူပြည်သားအပေါင်းတို့က တစ်ခွန်းသောစကားကိုမျှ မဆိုကြသော်လည်း သူဌေးလေးဦးကို ခေါ်ဆောင်ချိန်တွင် သူဌေးတို့၏ ဆွေမျိုးသားချင်းအပေါင်းတို့ ပူဆွေးချောက်ချားကြလေသည်။ ထို့ကြောင့် သူဌေးလေးယောက်တို့ကိုသတ်၍ ယဇ်ပူဇော်ခြင်းမပြုရလေအောင် မင်းကြီးကို အသနားခံရန်အတွက် သူဌေးတို့ကို ခြံရံ၍ လိုက်ပါလာကြလေသည်။ မင်းချင်းတို့လည်း သားမယားပြည်သူပြည်သား အပေါင်းတို့ကို ဖယ်ထုတ်၍ သူဌေးလေးဦးကို ခေါ်ဆောင်လာခဲ့လေသည်။

ထို့နောက် ဆင်တော်လေးစီးဖြစ်သော အဘယကိရ နာဠာဂိရိဆင်၊ အစ္စုဂ္ဂတဆင်၊ ဝရုဏဒန္တဆင်၊ မြင်းလေးစီးဖြစ်သော ကေသီနီမြင်း၊ သူရာမုခမြင်း၊ ဝိနတမြင်း၊ ပုဏ္ဏကမြင်း၊ နွားလားဥသဘ လေးစီးဖြစ်သော ယုထပတိ၊ အနေဇ၊ နိသဘ၊ ဂဝံပတိ စသည်တို့ကို ယူဆောင်၍ သင့်ရာနေရာတွင် ထားစေလေသည်။

ထိုအခါ အမတ်တို့သည် ဧကရာဇ်မင်း၏ မယ်တော်ထံသွား၍ မင်းကြီးသည် မိဖုရားသားတော် သမီးတော်တို့ကိုသတ်၍ ယဇ်ပူဇော်တော့မည့်အကြောင်း လျှောက်ထားကြလေသည်။ ထိုသို့ကြားလျှင် မယ်တော်သည် သားတော်ဧကရာဇ်မင်းထံသို့ သွားရောက်၍ မေးလေသည်။ ဧကရာဇ်မင်းက မိမိနတ်ပြည်သို့ ရောက်လို၍ ယဇ်ပူဇော်မည်ဖြစ်ကြောင်းဆိုလေသည်။ ထိုအခါ မယ်တော်က သူတစ်ပါးကို အပြစ်မဲ့ ညှဉ်းဆဲသတ်ဖြတ်၍ ယဇ်ပူဇော်သဖြင့် နတ်ပြည်သို့ရောက်၏ဟူသော သူမိုက်တို့စကားကို မယုံသင့်၊ သူတစ်ပါးကိုသတ်ခြင်းဖြင့် အပါယ်လေးပါးသို့သာ လားကြောင်း၊ နတ်ရွာသို့ ရောက်လိုလျှင် အလှူပေးခြင်းပြုသင့်ကြောင်း ကောင်းမှုတို့ကို ပြောကြားလေသည်။ ဧကရာဇ်မင်းသည် မယ်တော်၏ စကားကိုနာယူခြင်းမပြုဘဲ သူတစ်ပါးတို့ ပြုနိုင်ခဲသော ယဇ်ပူဇော်ခြင်းဖြင့် နတ်ပြည်ရောက်ကြောင်း ကောင်းမှုပြုပါမည်ဟု ဆို၏။ ထိုအခါ မယ်တော်သည် မိမိ၏စကားကို နာယူခြင်းမရှိသဖြင့် ငိုမြည်တမ်းလျက် ထွက်ခွာသွားလေသည်။

ထို့နောက်ခမည်းတော် ဝသဝတ္တီမင်းသည် ထိုအကြောင်းကိုကြားသဖြင့် ကြွရောက်တော်မူလာပြီး မယ်တော့်နည်းတူဖျောင်းဖျပြောဆိုသော်လည်း ဧကရာဇ်မင်းသည် နားဝင်ခြင်းမရှိပေ။ ထို့ကြောင့် ခမည်းတော်ဝသဝတ္တီမင်းသည်လည်း လက်လျှော့ရပြန်လေသည်။

ထို့နောက်သားတော် စန္ဒကုမာရသည် ယဇ်ပူဇော်ရန်စီစဉ်ထားသူ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသုံးပစ္စည်းများဝယ်ယူရန် အလှူငွေများ လှူဒါန်း

**နောင်တရား ဩဂုတ် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်တိုက်နယ်ဆေးရုံတွင် လိုအပ်နေသော အောက်ဆီဂျင်စက်နှင့် ခုတင်များ ဝယ်ယူရန် ယမန်နေ့က အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းသည်။

တီကျစ်တိုက်နယ်ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးပြုရန် လိုအပ်နေသည့် အောက်ဆီဂျင်စက်များဝယ်ယူရန် အလှူရှင်များဖြစ်ကြသည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံဝန်ထမ်းမိသားစုမှ အလှူငွေကျပ် ၁၁၂၁၀၀၀၀ နှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနေ ကိုအောင်မျိုးမင်း-မမို့မို့ငြိမ်း မိသားစုက ငွေကျပ် ၂၇၀၀၀၀၀ တန်ဖိုးရှိ ခုတင် သုံးလုံးအား တီကျစ်တိုက်နယ်ဆေးရုံသို့ လာရောက်လှူဒါန်းပေးကြောင်း သိရသည်။

**နောင်တရား (ပြန်/ဆက်)**



အပေါင်းတို့ သေဘေးမှ လွတ်မြောက်ရေးအတွက် လျှောက်ထားတောင်းပန်ပြန်လေသည်။ ခမည်းတော်မင်းကြီး ကျွန်ုပ်တို့ကို သတ်တော်မူ၍ ယဇ်ပူဇော်ခြင်းမပြုဘဲ ခဏ္ဍဟာလပုဏ္ဏားထံ ကျွန်အဖြစ်ပေးလိုပါကပေးပါ။ ထိုသို့မပြုလိုလျှင် ဆင်ချေးကျုံး၊ မြင်းချေးကျုံးအဖြစ်ထားတော်မူပါ။ ထိုသို့မပြုလိုလျှင် တိုင်းပြည်မှ နှင်ထုတ်တော်မူပါလော့။ ခွက်လက်ဆွဲ၍တောင်းစားပါမည်။ အသက်ကို ချမ်းသာပေးတော်မူပါဟု သနားစဖွယ် တောင်းပန်လျှောက်ထားလေသည်။ ဧကရာဇ်မင်းသည် သားတော်အိမ်ရှေ့မင်းသား၏ သနားချစ်ခင်ဖွယ် အသွယ်သွယ်တို့ဖြင့် လျှောက်ထားတောင်းပန်သည့်အခါ သား၏ချစ်ခြင်းဖြင့် နှလုံးကွဲအံ့သကဲ့သို့ဖြစ်၍ မျက်ရည်ယိုစီးငိုကြွေးလေသည်။ ထို့နောက် နတ်ပြည်သို့မရောက်လျှင်လည်း ရှိစေတော့ဟုဆိုကာ မိဖုရား၊ သားတော်၊ သမီးတော်များနှင့်တကွ သတ္တဝါတို့ကို လွှတ်လိုက်စေလေသည်။

ယဇ်တွင်း၌စီစဉ်နေသော ခဏ္ဍဟာလပုဏ္ဏားထံသို့ ယောကျ်ားတစ်ယောက်သည် ရောက်ရှိလာပြီး သားတော်၊ သမီးတော်တို့ကို လွှတ်လိုက်လေပြီ၊ သင်၏မယားတို့၏လည်ချောင်းသွေးဖြင့်သာ ယဇ်ပူဇော်လော့ဟုဆိုလေသည်။ ထိုစကားကို ခဏ္ဍဟာလပုဏ္ဏားကြားလျှင် မျက်မှောင်ကြုတ်ပုပ်ညှိုးသည် မည်းသောမျက်နှာထားဖြင့် အရှင်မင်းကြီးထံသို့ အလျင်အမြန်သွားပြီး အလွန်ပြုနိုင်ခဲသော ယဇ်ပူဇော်ခြင်းကို စီစဉ်ပြီးကာမှ အဘယ်ကြောင့် ဖျက်တော်မူသနည်း။ ဤယဇ်ပူဇော်ခြင်းကို ပြုသူသာမက သာဓုခေါ်သူပင် နတ်ပြည်သို့ရောက်နိုင်ကြသည်ဟု လျှောက်တင်လေသည်။ ပညာနည်းပြီးအလွန်မိုက်မဲသော ဧကရာဇ်မင်းသည် အမျက်ရန်ငြိုးကြောင့် အတင်းအဓမ္မတိုက်တွန်းနေသော ပုဏ္ဏား၏စကားကို အမှန်ဟုထင်မှတ်၍ သားတော်၊ သမီးတော်၊ မိဖုရား၊ သူဌေးစသည်တို့ကို ပြန်လည်ဖမ်းဆီးစေပြန်သည်။

ထိုအခါ အိမ်ရှေ့မင်းသား စန္ဒကုမာရသည် ခမည်းတော်မင်းကြီးအကျွန်ုပ်တို့အား ချမ်းသာပေးပြီးမှ အဘယ်ကြောင့် သတ်ရန်ပြုတော်မူပြန်ပါသနည်း။ ခမည်းတော်ကြီးသတ်လိုမူက ငယ်စဉ်ကပင် သတ်သင့်ကြောင်း၊ အကျွန်ုပ်ကဲ့သို့ သားတော်များရှိနေခြင်းကြောင့် နိုင်ငံကို မည်သူမျှ ရန်မမူဝံ့ကြခြင်း မဟုတ်ပါလော။ ထိုသို့ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသားတော်များကို ယဇ်ပူဇော်ရန် မသင့်ကြောင်း မြို့၏ အစွန်အဖျားတွင် ရှိနေကြသော လူမိုက်၊ လူသွမ်း၊ သောင်းကျန်းသူများကို ခမည်းတော်မင်းကြီး စိတ်နှလုံးအေးချမ်းအောင် နှိမ်နင်းပေးခဲ့သည်မှာလည်း သားတော်ပင်ဖြစ်ပါကြောင်း၊ ထိုသို့ခမည်းတော်၏ အကျိုးကိုသာလိုလားသော သားတော်နှင့်တကွ အပြစ်မဲ့သတ္တဝါတို့ကို သတ်ရန်မသင့်ပါကြောင်း၊ ပုဏ္ဏားသည် ကျေးဇူးရှင်ကို ပြစ်မှားတတ်သည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းလျှောက်ထားလေသည်။ ထိုအခါ ဧကရာဇ်မင်းကြီးသည် စိတ်နှလုံးယူကျုံးမရဖြစ်ကာ သားတော်များကို လွှတ်ပြန်သည်။

ပုဏ္ဏားကြားသိလျှင် မင်းကြီးထံဒေါသမာန်ဖြင့် ရောက်ရှိလာပြီး မင်းကြီးသည် ပြုနိုင်ခဲသော ယဇ်ပူဇော်ပွဲကို စွမ်းဆောင်နိုင်ခြင်းမရှိကရေးမဆွကပင် စီရင်ခြင်းမပြုသင့်၊ စွမ်းဆောင်နိုင်ကြောင်းဆို၍ စီစဉ်ပြီးပါမှ ဖျက်ဆီးခြင်းမပြုသင့်ကြောင်း လျှောက်ထားလေသည်။ မင်းကြီးလည်း သားတော်တို့ကို ပြန်လည်ဖမ်းယူစေပြန်သည်၊ ထိုအခါ အိမ်ရှေ့မင်းသား စန္ဒကုမာရသည် ခမည်းတော်မင်းကြီးထံ ခဏ္ဍဟာလပုဏ္ဏားစကားမှန်လျှင် ၎င်း၏သားမယားများကို ဦးစွာသတ်၍ ပူဇော်စေပြီးနောက်မှခမည်းတော် မင်းကြီးသည် အကျွန်ုပ်တို့ကို သတ်တော်မူပါ။ ပုဏ္ဏား၏စကားကို မယုံကြည်သင့်ကြောင်း လျှောက်ထားလေသည်။

အိမ်ရှေ့မင်းသားသည် ဤမျှထင်ရှားသိသာစွာ လျှောက်တင်သော်လည်း ခမည်းတော်မင်းကြီးသည် နာယူခြင်းမရှိပေ။ ထို့ကြောင့် မင်းသားသည် မှူးမတ်၊ သူဌေးစသူတို့နှင့် ၎င်းတို့၏ အိမ်ရှင်မတို့အား တောင်းပန်စကားလျှောက်တင်ပေးကြရန် တောင်းပန်ပြောကြားလေသည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ လျှောက်တင်ရန် မဝံ့သဖြင့် မင်းသားသည် မိမိ၏မယားခုနစ်ရာတို့ကို တောင်းပန်စေပြန်သည်။ ခုနစ်ရာသော အိမ်ရှင်မတို့သည် မင်းသားစေခိုင်းသည့်အတိုင်း

> ✪ **ခဏ္ဍဟာလ ပုဏ္ဏားသည် ရဟန်း၊ ပုဏ္ဏား၊ ဖုန်းတောင်းယာ စကာတို့အား အဝတ်အစားစသည်တို့ကို ပေးကမ်းစွန့်ကြဲခြင်းသည် ဒါနသာဖြစ်သည်။ မိမိရင်သွေး မိဖုရား၊ သူကြွယ်၊ နွားလားဥဿဘ၊ အာဇာနည်မြင်း စသည် လေးခုစီ၏ ဦးခေါင်းကို သံလျက်ဖြင့်ဖြတ်လျက် ရွှေခွက်ဖြင့် လည်ချောင်းသွေးကို ခံယူပြီး တွင်း၌ထည့်လျက်ပူဇော်ခြင်း ဟူသောအတိဒါနကို ပြုခြင်းဖြင့် နတ်ပြည်သို့ရောက်နိုင်၏ဟု လျှောက်တင်လေသည်**

ဧကရာဇ်မင်းအား တောင်းပန်ကြ၏။ ဧကရာဇ်မင်းသည် မိမိ၏ ချွေးမတို့ကိုလှည့်၍ပင်မကြည့်ဘဲ တောင်းပန်စကားများကို လက်ခံနာယူခြင်းမရှိပေ။ ထိုအခါမင်းသားသည် မယားခုနစ်ရာတို့အား ခဏ္ဍဟာလပုဏ္ဏားထံသို့ စေလွှတ်တောင်းပန်စေပြန်သည်။

ထို့အပြင် အိမ်ရှေ့မင်းသား၏ နှမငယ် သေလာမင်းသမီးသည်လည်း ခမည်းတော်မင်းကြီး၏ ခြေတော်ရင်း၌ဝပ်လျက် မောင်တော်လေးပါးကို သတ်မည်ဆိုပါက မိမိတစ်ဦးတည်းသာ ကိုးကွယ်ရာမရှိ ဖြစ်ရပါတော့မည်ဟု လူးလဲလျက် ငိုကြွေးမြည်တမ်း၏။ သို့သော်မင်းကြီးသည် လက်ခံတော်မူခြင်းမရှိပေ။ အိမ်ရှေ့မင်းသားသည် သားတော် ဝသုလမင်းသားအား စေလွှတ်တောင်းပန်စေပြန်သည်။ သားတော် ဝသုလလည်း မိမိမှာနို့ရည်နံ့မပြယ် ငယ်ရွယ်ချိန်တွင် အဖမဲ့သား ဖြစ်ပါတော့မည်ဖြစ်၍ သနားတော်မူပါဟု တပြောင်းတပြန် လူးလဲ၍ ငိုကြွေးလျှောက်တင်လေသည်။

ဧကရာဇ်မင်းသည် မြေးတော် ဝသုလမင်းသား၏ ငိုကြွေးမြည်တမ်းသော အသံကိုကြား၍ နှလုံးကွဲအံ့သကဲ့သို့ မျက်ရည်ယိုစီးလျက် သတို့သား ဝသုလအား ရင်ခွင်၌ ပိုက်ချီလျက်သားတော်များကို စေလွှတ်စေပြန်သည်။ သို့ရာတွင် ခဏ္ဍဟာလပုဏ္ဏား၏ တိုက်တွန်းမှုကြောင့် သားတော်တို့ကို ဖမ်းယူစေပြန်သည်။ ခဏ္ဍဟာလပုဏ္ဏားလည်း မင်းကြီးသည် သားသမီးတို့ ချစ်မြတ်နိုးစိတ်ရှိ၍ ယဇ်ပူဇော်ခြင်း မပြုနိုင်ပါက ၎င်းအကြံအစည်များ ပျက်ရတော့မည်ကို သိ၍ ယဇ်ပူဇော်ခြင်းကို အမြန်ပြီးစေရန် စီစဉ်တော့သည်။ မင်းသားများနှင့်တကွ သတ္တဝါလေးဦးစီတို့ကို ယဇ်အတွင်းသို့ ယူဆောင်လာခဲ့ရာ မင်းသမီးခုနစ်ရာတို့လည်း ငိုကြွေးလျက် လိုက်ပါလာကြလေသည်။ ထိုအခါ ပုပ္ဖပြည်တစ်ပြည်လုံး ချောက်ချားနေကြသည်။ ပြည်သူအပေါင်းတို့သည်လည်း အတူတကွ ထွက်လာကြရာ မြို့တံခါးနှင့်မဆံ့ ပြည့်နှက်နေလေသည်။ ခဏ္ဍဟာလပုဏ္ဏားသည် ထိုပြည်သူပြည်သားများစွာတို့ကိုမြင်လျှင် မြို့တံခါးကို ပိတ်ထားစေလေသည်။ ပြည်သူအပေါင်းတို့လည်း ထွက်မရသဖြင့် အနီးအနား၌ရှိသော ဥယျာဉ်သို့သွားကြပြီး သည်းထန်စွာငိုကြွေးကြလေသည်။ ထိုပြည်သူပြည်သားအပေါင်းတို့ ငိုကြွေးသံများကြောင့် ငှက်အပေါင်းတို့သည်လည်း လန့်၍ပျံကြလေသည်။ ထိုပြည်သူများသည် ဥယျာဉ်တော်၌ ငိုကြွေးပြီးနောက် အိမ်ရှေ့မင်းသားဘုရားလောင်း စန္ဒကုမာရ စံရာနန်းတော် ပြာသာဒ်ထက်သို့သွား၍ လက်ယာရစ် လှည့်လည်လျက် ငိုကြွေးမြည်တမ်းကြ၏။ *(ဆက်လက်ဖော်ပြပါမည်)*

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား 'ဇာတက'ကို 'ဇာတ်' ဟူ၍ မြန်မာမှုပြုကြသည်။ 'ဇာတ်'၏ အနက်အဓိပ္ပာယ်မှာ 'အဖြစ်' 'ဘဝ'ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ' ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်' ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် ဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုဝင်များအား ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ကျောက်ဖြူ ဩဂုတ် ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ မိသားစုဝင်များအား ယနေ့ နံနက်ပိုင်းက အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒကူးခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် လမ်းညွှန်ချက်များနှင့်အညီ ခြောက်ရက်မြောက်နေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ဆေးထိုးနှံရန် ရောက်ရှိလာကြသည့် ဘိုးဘွားများအား သတ်မှတ်နေရာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ စေတနာ့ဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ အောက်ဆီဂျင်တိုင်းပေးခြင်းနှင့် သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိပြီး ယင်းကာကွယ်ဆေးအမျိုးအစားမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ဆီနိုဖမ်းဆေး အမျိုးအစားဖြစ်သည်။

ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသည့် ကျန်းမာရေးဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဂ္ဂလိကစေတနာ့ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ပြည်သူများကို ဦးစားပေးအလိုက် ထိုးနှံပေးလျက်ရှိပြီး ဩဂုတ် ၁ ရက်တွင် ၃၇၄ ဦး၊ ဩဂုတ် ၂ ရက်တွင် ၅၅၆ ဦး၊ ဩဂုတ် ၃ ရက်တွင် ၃၈၀၊ ဩဂုတ် ၄ ရက်တွင် ၁၃၄ ဦး၊ ဩဂုတ် ၅ ရက်တွင် ၁၂၂ ဦးတို့ကို ထိုးနှံပေးထားပြီးဖြစ်ကာ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အရေးတကြီး လိုအပ်လျက်ရှိသော ကိုဗစ် -၁၉ ရောဂါကာကွယ် ကုသရေးဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေစခန်းများမှ တင်သွင်းရာတွင် အဆင်ပြေ ချောမွေ့စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ ကူညီဆောင်ရွက်ပေးခြင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းများကို SOP နှင့်အညီ ပိတ်ရက်မရှိ နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်းများ၊ တရုတ်နိုင်ငံ ကုန်သွယ်ရေးစခန်းများသာမက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သွယ်ရေး စခန်းများမှ တင်သွင်းနိုင်ရေး သံတမန်လမ်းကြောင်းမှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၃၈၉ ခု အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ ကန်ပိုက်တီး ကုန်သွယ်ရေး စခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် ငါးစီးဖြင့် ၉၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) သုံးတန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) နှစ်တန်၊ အောက်ဆီဂျင် (အိုးခွံ) ၅၉၉၂ ခု၊ Oxygen Plant တစ်ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator) လေးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၄၄၅၉ ခု၊ PPE ဝတ်စုံ ၃၆၈၈၀၊ လက်အိတ် (၀ ဒသမ ၀၄) တန်နှင့် နှာခေါင်းစည်း (Mask) ၅၄ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၃ ခုမှ ယာဉ်စီးရေ ၆၁ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ၃၅၀ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၃၂၄ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ အိုးဖြင့် ၅၃ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၃၉၄၅၈ ခု၊ Oxygen Plant ငါးခု၊ အောက်ဆီဂျင် (Generator) ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၃၈၀၉၉ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ PPE ဝတ်စုံ ၂၃၁၉၀၂ စုံ၊ လက်အိတ် ၃၈ တန်နှင့် နှာခေါင်းစည်း (Mask) ၅၀၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Oxygen Generator ၁၁ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက် ရောဂါကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) သို့ အောက်ဆီဂျင်အိုး အလုံး ၃၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပညာရေးဒီဂရီကောလိပ်တွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ကြပ်မတ်ကုသရေးစင်တာအတွက် အောက်ဆီဂျင်အိုး အလုံး ၂၀၊ မိုင်းရယ်မြို့ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့အစည်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ ဘဏ်ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် နှာခေါင်းစည်း ၄၅၀၀၊ လက်သန့်ဆေးရည် ၁၇ ဘူး၊ PPE ဝတ်စုံ ၁၅ စုံနှင့် အရက်ပြန် ကိုးဘူးတို့ကိုလည်းကောင်း၊ ရှေ့ဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကျိုက်လတ်မြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၃၃ လုံးကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် သန်လျင်မြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ တပ်မတော် (ရေ) မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေ ၆၇၃ သိန်းတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၄၀ နှင့် အုတ်တွင်းမြို့ ဈေးကုန်းကျောင်းတိုက်၌ တည်ဆောက်နေသည့် အောက်ဆီဂျင် စက်ရုံအတွက် အလှူငွေကျပ် သုံးသိန်းတို့ကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မိသားစုက အလှူငွေကျပ်သိန်း ၁၀၀၊ Ayeyar Hinthar Holdings နှင့် ပုသိမ်စက်မှုမြို့တော် စီမံကိန်းက ငွေကျပ် ၂၇၄ သိန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကုသဆေး ရှစ်မျိုး၊ ဟသ်ာတမြို့မှ Family Hotel နှင့် Family မိသားစုရွှေဆိုင်က ငွေကျပ်သိန်း ၂၀၊ ဦးရဲထွန်းဝင်းမိသားစု (Newton International College) က အောက်ဆီဂျင်အိုး ငါးလုံး၊ ရန်ကုန်မြို့ Su Paing Lynn Co.Ltd က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့ Able Winners Co.Ltd က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့ Good Brings Co.ltd က ငွေကျပ် ၁၀ သိန်း၊ ယုဇနကုမ္ပဏီလီမိတက်က Oxygen Concentrator တစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ် ၁၀ သိန်း၊ မြောင်းမြမြို့ ဦးဝင်းလွင် မိသားစု (သစ်လွင်စက်ပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ် ၁၀ သိန်းနှင့် မြောင်းမြမြို့ ဦးထွန်းထွန်းဦး မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ဈေးကုန်းကျောင်းတိုက်တွင် ရင်ခုန်သံရှင်ရေး ကူညီမှုအသင်းနာယက ဆရာတော် ဘဒ္ဒန္တ တေဇသီရိ ဦးဆောင်၍ Oxygen Plant တည်ဆောက်နေမှုများကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့နယ် မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

ဘားအံ ဩဂုတ် ၆

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘားအံမြို့နယ် မွေးမြူရေးဇုန်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုရာ အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ်မှ စစ်ဦးစီးမှူး ပထမတန်း ဒုတိယဗိုလ်မှူးကြီး ဝေလင်းအောင်က လိုက်လံရှင်းလင်းတင်ပြသည်။

အဆိုပါ အမှတ်(၂၂)ခြေလျင်တပ်မဌာနချုပ်တွင် DYL အမျိုးအစား ဝက်ကောင်ရေ ၁၀၁ ကောင်၊ နို့စားနွား ၁၄ ကောင်၊ ဆိတ်အကောင် ၉၀၊ ဥစားကြက် ၇၈၄ ကောင် မွေးမြူထားရှိပြီး ဥစားကြက်များမှ တစ်နေ့ ပျမ်းမျှ ကြက်ဥအလုံး ၇၂၀ ခန့်ထွက်ရှိကြောင်း၊ ထို့အပြင် ကြက်သားပေါက်ကောင်ရေ ၁၀၀၀ ခန့်ကိုလည်း ထပ်မံမွေးမြူထားရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမွေးမြူရေးဇုန်သို့ ရောက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်က မွေးမြူရေးဇုန်နှင့် ပတ်သက်၍ မွေးမြူရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ မွေးမြူဇုန်တွင် ဥစားကြက်ကောင်ရေ ၆၀၀၀၀၊ ဝက် ၁၇၇ ကောင်၊ ဆိတ် ၁၈၉ ကောင်၊ နွား ၁၄၅ ကောင်၊ ငုံးအကောင် ၁၀၀၀ မွေးမြူထားရှိပြီး မွေးမြူရေးလုပ်ကိုင်သူ လုပ်ငန်းရှင် ၁၄၁ဦး ရှိပြီး ဘားအံမွေးမြူရေးဇုန်တွင် တစ်နေ့လျှင် ကြက်ဥအထွက်နှုန်း ၈၀ ရာခိုင်နှုန်းရှိပြီး အလုံးရေ ၄၈၀၀၀ ထွက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးစောသာပေါင်းက မွေးမြူရေးဇုန်တွင် လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသော မွေးမြူရေးတောင်သူများက လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ **(ဓာတ်ပုံ)** တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအုပ်စုရှိနောင်သာယာစံပြ စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နောင်သာယာစံပြ စိုက်ပျိုးမွေးမြူရေးစခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အားပေးကူညီ

**နေပြည်တော် ဩဂုတ် ၆**

ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးနှင့် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းစဉ်ကာလများအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ အာဟာရဓာတ်ပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူသူတောင်သူများ ပုဂ္ဂလိကများ၏ ထုတ်လုပ်မှုစွမ်းအား ရှင်သန်ပြည့်ဝစေရန် နည်းပညာနှင့် လိုအပ်ချက်များ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပုဂ္ဂလိကမွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံ၊ ဒိန်ချဉ်နှင့် နို့ထွက်စားသောက်ကုန်ထုတ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုအားပေးပြီး**(ဓာတ်ပုံ)** လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

၂၀၁၉-၂၀၂၀ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသနွားကောင်ရေ ၁၃၈၆၂ ကောင်၊ နို့စားနွား ၃၀၁၀၅ ကောင်၊ ဒေသကျွဲ ၃၀၁၀၅ ကောင်၊ နို့စားကျွဲ ၅၂၄ ကောင် မွေးမြူလုပ်ကိုင်လျက်ရှိကြကြောင်း၊ ဒေသနေပြည်သူများ၏ စားသုံးမှုအတွက် အသား၊ နို့နှင့် နို့ထွက်ပစ္စည်း ဖူလုံမှုရှိသည့်အပြင် ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သော တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရောဂါပျံ့နှံ့မှုနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်နှင့် ပြည်တွင်းအသုံးပြုမည့် တိရစ္ဆာန်အစာများ၏ အာဟာရတန်ဖိုးနှင့် အဆိပ်အတောက်ပါဝင်မှု စစ်ဆေးပေးခြင်းလုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ လွှတ်ကျောင်းမွေးမြူခြင်းမှ စိုက်ပျိုးကျွေးမွေးရေးစနစ်၊ အာဟာရပြည့်ဝသည့် တာရှည်ခံ တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ် ကျွေးမွေးရေးနည်းစနစ် အသုံးပြုနိုင်ရေးလုပ်ငန်းများ အပါအဝင် မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာ အသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူရေးတောင်သူများ၊ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၌ ဆက်သွယ်အကူအညီရယူနိုင်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကိုဗစ်ကာကွယ်ဆေးအမြန်ထိုးနှံရေး ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေး

ခင်ခင်ကြီး

ကမ္ဘာပေါ်တွင် လူသားများကို အဓိကခြိမ်းခြောက်နေသည်မှာ ကမ္ဘာ့ကပ်ရောဂါများပင်ဖြစ်ပါသည်။ ကပ်ရောဂါများကြောင့် လူပေါင်းသန်းနှင့်ချီ၍ သေဆုံးခဲ့ကြရပါသည်။ ကပ်ရောဂါများမှ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ကာကွယ်ဆေးများကို လူ့အသက်ကယ်နိုင်ရန်အတွက် ပညာရှင်များက အပတ်တကုတ်ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် ကပ်ရောဂါများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြိမ်တိုင်းတွင် လူသားများအနိုင်ရရှိခဲ့ခြင်းဖြစ်ပါသည်။

လက်ရှိအချိန်တွင် လူသားများကို အဓိကဒုက္ခပေးနေသည်မှာ ကိုဗစ်-၁၉ ရောဂါပင်ဖြစ်ပါသည်။ Hopkins's Dashboard အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ သန်း ၂၀၀ ကျော်တွေ့ရပြီး သေဆုံးသူ ၄ ဒသမ ၂၆ သန်းရှိနေပြီကို တွေ့နိုင်ပါသည်။ ထိုအချိန်တွင် ကာကွယ်ဆေးထိုးနှံပြီးသည့် အကြိမ်ပေါင်း ၄ ဒသမ ၂၇ ဘီလီယံရှိပြီဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုကိုကြည့်လျှင် ထိုးနှံမှုအများဆုံး ၅၀ ရာခိုင်နှုန်းအထက် တိုင်းပြည်များမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်ပြီး လက်တစ်ဆုပ်စာနိုင်ငံများဖြစ်ပါသည်။ ကျန်နိုင်ငံများ၏ ထိုးနှံနိုင်မှုမှာ နည်းပါးသည်ကို တွေ့ရပြီး ဖွံ့ဖြိုးရန်လိုအပ်သည့် တိုင်းပြည်များ၏ ထိုးနှံနိုင်မှုမှာ တစ်ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းသည် လက်ရှိဖြစ်ပေါ်နေသော ကပ်ရောဂါကို ရပ်တန့်ရန်အတွက် ဖြစ်နိုင်ပါသလားဟုမေးလျှင် ဟုတ်ပါသည်ဟု ပညာရှင်များက သုံးသပ်ထားပါသည်။ မျိုးရိုးဗီဇပြောင်းလဲသည့်ပိုးများ ကူးစက်မှုမြင့်မားလာသဖြင့် အနည်းဆုံး ၇၀-၈၀ ရာခိုင်နှုန်းခန့် ထိုးနှံရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသည့် ဗိုင်းရပ်စ်သည် အလွယ်တကူ ကူးစက်စေတတ်ပြီး ကူးစက်မှုအလွန်လျင်မြန်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံမှုပိုမိုလိုအပ်ပါသည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါပြင်းထန်စွာ ခံစားရမှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတို့မှ ၉၀ ရာခိုင်နှုန်းနှင့်အထက် ကာကွယ်ပေးနိုင်ပါသည်။ သို့သော် ရောဂါကူးစက်ခံရခြင်းမှတော့ ၁၀၀ ရာခိုင်နှုန်း ကာကွယ်မပေးနိုင်ပါ။ သို့သော် ကာကွယ်ဆေးထိုးထားခြင်းဖြင့် ရောဂါဖြစ်လျှင် ပြင်းထန်စွာဖြစ်ပွားနိုင်သည့် လူအုပ်စုများကိုတော့ တားဆီးကာကွယ်ပေးနိုင်ခြင်းဖြင့် သေဆုံးမှုလျော့ကျစေနိုင်ပါသည်။

ကာကွယ်ဆေးထိုးနှံခြင်းဖြင့် အသက်ပေါင်းများစွာဆုံးရှုံးမှုမှ ကာကွယ်နိုင်သလို ကပ်ဘေးကိုထိန်းချုပ်နိုင်ပြီး လစဉ်လစဉ် ကမ္ဘာ့စီးပွားရေးတွင်လည်း အမေရိကန်ဒေါ်လာ ၃၇၅ ဘီလီယံဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကာကွယ်ဆေးများ အညီအမျှရရှိခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါဖြစ်ပွားလျှင် သေဆုံးနိုင်ခြေများသော လူအုပ်စုကို ကာကွယ်နိုင်ခြင်းဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာကို လျော့ကျစေပြီး စီးပွားရေးထိခိုက်ပျက်စီးမှု အတိုင်းအတာကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။

ဤနေရာတွင် တစ်ခုသတိထားရမည်က ကာကွယ်ဆေးများသည် ကပ်ရောဂါကို ရပ်တန့်စေနိုင်သည်မဟုတ်ဘဲ ကာကွယ်ဆေးထိုးခြင်းကသာ ကပ်ရောဂါကို ရပ်တန့်စေနိုင်သည်ကိုသဘောပေါက်ရန် လိုအပ်ပါသည်။ ယခုလိုလုပ်ဆောင်နိုင်စေရန် ဈေးနှုန်းသင့်တင့်ပြီး အရည်အသွေးကောင်းသော မျှတသည့်ကာကွယ်ဆေး ဖြန့်ဖြူးမှုစနစ်လိုအပ်ပါသည်။ သို့မှသာ တိုင်းပြည်တိုင်းတွင် လူအုပ်စုများထံသို့ ကာကွယ်ဆေးများ ပိုမိုရရှိပြီး ပိုမိုကာကွယ်ပေးရန် ပိုမိုအရေးကြီးပါသည်။

> **"ကာကွယ်ဆေးများကို များများနှင့်မြန်မြန် ထိုးနှံပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးများ ရရှိရန် ဆက်လက်ညှိနှိုင်းဝယ်ယူရန် ဆောင်ရွက်နေသည်လည်းရှိပါသည်။ လက်ရှိလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေး လေးသန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး Sinopharm (Beijing) နှစ်သန်းလည်း အသုတ်လိုက်ခွဲ၍ ရောက်ရှိနေပြီဖြစ်ပါသည်။ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေး နှစ်သန်းလည်း မကြာမီအသုတ်လိုက် ရောက်ရှိမည်"**

## ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်

ကမ္ဘာ့ကာကွယ်ဆေးထိုးအချက်အလက်များအရ ၂၉ ရာခိုင်နှုန်းသော ကမ္ဘာ့လူဦးရေသည် ကာကွယ်ဆေး တစ်ကြိမ်ရရှိထားပြီး ၎င်းတို့ထဲမှ ၁၄ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအကြိမ်ပြည့် ရရှိထားပါသည်။ ကမ္ဘာပေါ်တွင် စုစုပေါင်း ကာကွယ်ဆေးအကြိမ်ရေ ၄ ဒသမ ၂၇ ဘီလီယံ ထိုးနှံပြီးဖြစ်သလို နေ့စဉ်လည်း ၃၈ ဒသမ ၄၇ သန်း ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံနိုင်မှုအနေဖြင့်ကြည့်မည်ဆိုလျှင် ၂၇-၁-၂၀၂၁ မှ ၂၁-၇-၂၀၂၁ အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှာ လူဦးရေ (၁၈၂၅၆၄၂) ၁ ဒသမ ၈ သန်းကျော် ဦးတည်လူဦးရေ၏ ၆ ဒသမ ၀၈ ရာခိုင်နှုန်း ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။

ထပ်မံပြီး ကာကွယ်ဆေးများကို များများနှင့်မြန်မြန် ထိုးနှံပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးများရရှိရန် ဆက်လက်ညှိနှိုင်းဝယ်ယူရန် ဆောင်ရွက်နေသည်လည်းရှိပါသည်။ လက်ရှိလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေး လေးသန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး Sinopharm (Beijing) နှစ်သန်းလည်း အသုတ်လိုက်ခွဲ၍ ရောက်ရှိနေပြီဖြစ်ပါသည်။ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေး နှစ်သန်းလည်း မကြာမီ အသုတ်လိုက် ရောက်ရှိမည်ဖြစ်ပါသည်။

ယခုလိုရောက်ရှိလာသော ကာကွယ်ဆေးများကို ဦးတည်အုပ်စုများအား ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျ ထိုးနှံပေးရန်လုပ်ဆောင်နေသလို ကာကွယ်ဆေးကိုလည်း မြန်မာပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရန်ကိုလည်း စီစဉ်လျက်ရှိပါသည်။ ၂၀၂၁ နှစ်ကုန်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးတည်အုပ်စု၏ ၅၀ ရာခိုင်နှုန်းအထက်လွှမ်းခြုံနိုင်ရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရေးပါသည့် ကာကွယ်ဆေးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးနေသကဲ့သို့ အခြားတစ်ဖက်မှာလည်း ပြည်သူလူထုကို ကာကွယ်ဆေးထိုးနှံနိုင်ရေး ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်မှ ရောဂါကူးစက်လွယ်သော၊ ကူးစက်လျှင်ပိုမိုဆိုးရွားနိုင်သော အသက်(၆၅)နှစ်အထက် မိဘပြည်သူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေး မထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဘိုးဘွားရိပ်သာများ၊ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံမှ ဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းမှ ဝန်ထမ်းများ၊ ရောဂါဖြစ်ပွားလာလျှင် အစုလိုက်ဖြစ်ပွားစေနိုင်သော အကျဉ်းထောင်များရှိ အကျဉ်းသားများနှင့် အကျဉ်းသူများ၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ပုဂ္ဂလိကများ(ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းနှင့် စူပါမားကက်များ၊ ဈေးများမှ ဝန်ထမ်းများ)ကို ဦးစားပေးအစီအစဉ်အတိုင်း ထိုးနှံပေးလျက်ရှိပါသည်။ ဆေးရရှိမှုအပေါ် မူတည်၍ အမြန်ဆုံး ထိုးနှံပေးသွားမည်ဖြစ်ပါသည်။

## သေဆုံးမှုများ ထိရောက်စွာ လျှော့ချနိုင်

ထိုဦးစားပေး အစီအစဉ်တွင် မပါဝင်သေးသော ပြည်သူလူထုအနေဖြင့် အမြန်ဆုံးထိုးနှံနိုင်ရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍသည်လည်း အရေးပါသောနေရာမှ ပါဝင်လျက်ရှိပါသည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် ပြည်သူများအကြားတွင် ရောဂါကူးစက်မှုကွင်းဆက် ပြတ်တောက်လျော့ကျစေနိုင်ခြင်း၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုများ၊ ရောဂါပြင်းထန်စွာ ဖြစ်ပွားခံစားရ၍ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရမှုများဖြင့် ရောဂါကြောင့် သေဆုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးရရှိနိုင်ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ ကာကွယ်ဆေးများ တင်သွင်းဖြန့်ချိပေးနိုင်ကြောင်းနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းတွင်လည်း ထည့်သွင်းပြောကြားခဲ့သလို နိုင်ငံပိုင်သတင်းစာမှလည်း မတ်လအတွင်း ပုဂ္ဂလိကအခန်းကဏ္ဍကာကွယ်ဆေးများ လျှောက်ထားနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။

ထိုအသိပေးချက်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာန၏ Website မှလည်း မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ၂၃-၆-၂၀၂၁ ရက်တွင် ဖော်ပြခဲ့ပါသည်။ အဆိုပါအသိပေးချက်တွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကာကွယ်ဆေးများ ပြည်သူလူထုအတွင်း ထိုးနှံရရှိနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအချင်းချင်းလှူဒါန်းမှုဖြင့် ရရှိသော ကာကွယ်ဆေးများကို မှတ်တမ်းတင်ထားရှိထားကြောင်း၊ ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာ၊ အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက သတ်မှတ်အထောက်အထားများဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှလည်း ကာကွယ်ဆေးတင်သွင်းသူများ လိုက်နာရန် အချက်(၈)ချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(၁) Letter of Authorization from Owner
(၂) NRA/ FDA approval of vaccine from country of origin
(၃) Company Profile and Manufacturer License/ GMP Certificate
(၄) Summary of Product Characteristics
(၅) Batch or Lot release Certificate from regulatory Authority
(၆) Patient information leaflet and package insert
(၇) Container Labeling
(၈) Storage and Distribution Plan ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးမည့် အစီအစဉ်ကိုလည်း တစ်ပါတည်း တင်ပြရမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်၍ Risk Communication and Management Plan ကိုလည်း ကြိုတင်ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

တင်သွင်းဖြန့်ဖြူးရောင်းချခွင့် ရရှိသူသည် Drug Import Approval Certificate (DIAC) ရှိရန်လိုအပ်ပြီး လိုက်နာရမည့် အချက်များအနေဖြင့်-

- တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရရှိသူများသည် အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို လိုက်နာရမည်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအမျိုးအစားအလိုက် သတ်မှတ်ထားသော အအေးလမ်းကြောင်းထိန်းစနစ်ကို တိကျစွာလိုက်နာရမည်။ လိုအပ်သည့် သင်တန်းပေးခြင်း၊ ရေခဲသေတ္တာများ တပ်ဆင်ခြင်း စသည်တို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမည်။

ကာကွယ်ဆေးထိုးနှံရာတွင် တိုင်းဒေသကြီး/ပြည်နယ်တုံ့ပြန်ရေးကော်မတီနှင့် ချိတ်ဆက်ပြီး Vaccine Management Information System (vmis@mohs.gov.mm) နှင့် ချိတ်ဆက်ပြီး ထည့်သွင်းရပါမည်။

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုသတင်းပို့ခြင်း (Adverse Event following Immunization) ကို ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းပေးပို့မှုစနစ်ဖြင့် ဆောင်ရွက်ရမည်ဟု ပါဝင်ပါသည်။

**လိုအပ်သောအချက်အလက်များ ပြုစု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးတင်သွင်းဖြန့်ချိရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကာကွယ်ဆေးဝယ်ယူရေးအတွက် လှူဒါန်းလိုသူများကိုလည်း ဖိတ်ခေါ်အပ်ပါသည်။ ကာကွယ်ဆေးတင်သွင်းရန် လျှောက်ထားလိုသူများအနေဖြင့် FDA အတွက် လိုအပ်သော အချက်အလက်များကို ပြုစုပြီး လျှောက်ထားရန် လိုအပ်သလိုပြည့်စုံပါက ဆေးတင်သွင်းဝယ်ယူရန်အတွက် Letter of recommendation ထောက်ခံစာပေးမည်ဖြစ်ပါသည်။ ခွင့်ပြုထားသော ကာကွယ်ဆေးများနှင့်ပတ်သက်၍ WHO မှ အရေးပေါ်အသုံးပြုခွင့်ပေးသော ကာကွယ်ဆေးများ (သို့) ကာကွယ်ဆေးထုတ်လုပ်သည့် သက်ဆိုင်ရာနိုင်ငံများမှ အရေးပေါ်အသုံးပြုခွင့်ရထားသော ကာကွယ်ဆေးများ (သို့) သက်ဆိုင်ရာ ကာကွယ်ဆေးထိုးနှံမည့် နိုင်ငံများမှ FDA ခွင့်ပြုချက်ရထားသော ကာကွယ်ဆေးများဖြစ်ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံရာတွင် တိုင်းဒေသကြီး/ပြည်နယ် တုံ့ပြန်ရေးကော်မတီနှင့် ချိတ်ဆက်၍ ကာကွယ်ဆေးနှင့် ပတ်သက်သည့် အချက်အလက်များ စီမံခန့်ခွဲရေးစနစ် (Vaccine Management Information System vmis@mohs.gov.mm) ကို ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါစနစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ကွန်ပျူတာဌာနတို့ ပူးပေါင်းပြီး တည်ဆောက်ထားခြင်းဖြစ်ကာ ယင်းတွင် အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ မှတ်ပုံတင်အမှတ်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တို့ ပါဝင်ပါမည်။

ပုဂ္ဂလိက ဆေးဝါးဖြန့်ချိရေးကဏ္ဍမှ တင်သွင်းဖြန့်ချိခွင့်ပြုသည့်အတွက် လက်ရှိတွင် နိုင်ငံတော်အစိုးရက ဦးစားပေးထိုးနှံသည့်အုပ်စုတွင် မပါဝင်သေးသူများ အမြန်ထိုးနှံခွင့်ရခြင်း၊ မိသားစုလိုက်ရွေးချယ်နိုင်ခြင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ထိုးနှံထားခြင်းဖြင့် ရောဂါကူးစက်မှုသံသရာ ဖြတ်တောက်နိုင်ပြီး မိမိ၏ကိုယ်ခန္ဓာသည် ရောဂါပိုးဖြန့်ဝေနိုင်သည့် အခြေအနေမှ လွတ်ကင်းမည်ဖြစ်ပြီး ရောဂါကြောင့် ပြင်းထန်စွာခံစားရမှုကိုလည်း ရှောင်လွှဲနိုင်မည်ဖြစ်ပါသည်။

**ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားလျက်ရှိ**

အချုပ်အားဖြင့် ဆိုရလျှင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိသည့်အချိန်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှလည်း တစ်ဖက်တစ်လမ်းက အားဖြည့်ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားထိန်းချုပ်မှုတွင် နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ရာလည်းမည်ပါသည်။ ပြည်သူများကလည်း ရရှိလာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သတ်မှတ်အကြိမ်ရေအပြည့် ထိုးနှံရန် လိုအပ်ပါသည်။ ထိုသို့ ထိုးနှံခြင်းနှင့်အတူ အခြားသော ကိုဗစ်- ၁၉ စည်းကမ်းများဖြစ်သည့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ လူအုပ်စုများမှ ရှောင်ကြဉ်ခြင်း၊ ချောင်းဆိုး နှာချေလျှင် အုပ်ဆိုးခြင်း၊ လေကောင်းလေသန့်ရသည့် နေရာတွင် နေထိုင်ခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုလျှင် မကြာခင်အချိန်အတွင်း ကိုဗစ်-၁၉ ရောဂါကို ကောင်းစွာအနိုင်ယူထိန်းချုပ်နိုင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ မြန်မာပြည်သူပြည်သားများအားလုံး ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပွားသေဆုံးခြင်းမှ အမြန်ဆုံးကင်းဝေးရန်မှာ အားလုံး၏ ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုသည် အဓိကနေရာမှပါဝင်နေသဖြင့် စုပေါင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကို တွန်းလှန်ကြပါစို့၊ ပုဂ္ဂလိကကဏ္ဍမှလည်း ပါဝင်ကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် ဩဂုတ် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူ ပို့ဆောင်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ်ပေါင်း ခုနစ်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့်ပြည်သူ စုစုပေါင်း ၃၈၃၈ ဦးကို လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများ၊ သံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၂၅၇၀ တို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၁၀၂ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း လေးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၈၀၀ နှင့် မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်များနှင့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ဌာနဆိုင်ရာနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၅၀၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၇၇၄၆ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၂၄၄ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၃၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် တိုင်းရင်းသားပြည်သူစုစုပေါင်း ၉၅၉၆ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုနှင့် ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ်တို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၉၇၁၂ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

## ၆ - ၈ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၃၀၃၅၈၉ | ၂၉၈၀၁၅၉၃ | ၆၃၁၈၉၁ |
| ၂။ | အိန္ဒိယ | ၃၁၈၅၆၇၅၇ | ၃၁၀၁၅၈၄၄ | ၄၂၆၇၈၅ |
| ၃။ | ဘရာဇီး | ၂၀၀၆၆၅၈၇ | ၁၈၈၄၀၂၃၂ | ၅၆၀၈၀၁ |
| ၄။ | ရုရှား | ၆၄၀၂၅၆၄ | ၅၇၂၀၃၅၃ | ၁၆၃၃၀၁ |
| ၅။ | ပြင်သစ် | ၆၂၃၃၈၇၆ | ၅၇၃၂၁၅၁ | ၁၁၂၀၉၈ |
| ၆။ | ဗြိတိန် | ၅၉၈၂၅၈၁ | ၄၅၈၅၄၁၅ | ၁၃၀၀၈၆ |
| ၇။ | တူရကီ | ၅၈၄၆၇၈၄ | ၅၄၈၄၈၂၁ | ၅၁၈၇၅ |
| ၈။ | အာဂျင်တီးနား | ၄၉၈၉၄၀၂ | ၄၆၃၀၄၃၆ | ၁၀၇၀၂၃ |
| ၉။ | ကိုလံဘီယာ | ၄၈၂၁၆၀၃ | ၄၆၂၄၆၆၉ | ၁၂၁၈၉၉ |
| ၁၀။ | စပိန် | ၄၅၆၆၅၇၁ | ၃၇၇၃၉၅၆ | ၈၁၉၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၆ - ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၆၀၇၈၆၃ | ၂၉၉၆၄၇၈ | ၁၀၄၀၁၀ |
| ဖိလစ်ပိုင် | ၁၆၃၈၃၄၅ | ၁၅၃၅၃၇၅ | ၂၈၆၇၃ |
| မလေးရှား | ၁၂၂၄၅၉၅ | ၉၉၃၀၂၀ | ၁၀၁၇၉ |
| ထိုင်း | ၇၁၄၆၈၄ | ၄၉၅၉၀၄ | ၅၈၅၄ |
| မြန်မာ | ၃၂၂၈၃၈ | ၂၃၄၄၅၄ | ၁၁၂၆၂ |
| ဗီယက်နမ် | ၁၈၉၀၆၆ | ၅၈၀၄၀ | ၂၇၂၀ |
| ကမ္ဘောဒီးယား | ၈၀၈၁၃ | ၇၄၀၄၅ | ၁၅၂၆ |
| စင်ကာပူ | ၆၅၆၀၅ | ၆၃၄၅၇ | ၄၀ |
| လာအို | ၇၇၇၈ | ၃၈၈၇ | ၇ |
| ဘရူနိုင်း | ၃၃၉ | ၂၈၉ | ၃ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၆

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလ အတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၆ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၇၈ ခုမှ Blood Pressure Monitor ၁၀၂၀၊ Cipremi Lyophilized Powder for Injection ၁၅၈၄၀၊ Enoxaparin Injection ၄၁၀၃၆ ခု၊ Flow meter ၆၂၅ ခု ၊ Oxygen Regulator ၅၅၀၅ ခု၊ Oximeter ၂၄၀၃၅ ခု၊ Oxygen Cannula ၂၀၀၀၊ Oxygen Concentrator ၃၃၈၉ ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေး မျိုးစုံ ၃၀၁၉၈.၈၇ Kg ၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၅၂ ခုမှ Mask ၅၃၄၉၄ ခု၊ Sodium Chloride Injection ၂၆၅၀၀၊ Disposable Cap ၂၈၀၀၊ Liquid Oxygen ၁၅၃၅၇.၅၈ m³၊ Liquid Oxygen ၁၈.၅ တန်၊ Oxygen Concentrator ၁၀၆၅ ခု၊ Flow Meter ၆၈၁၀၊ PPE ၄၀၂၅၀၊ Oxygen Plant ငါးခု၊ Oximeter ၂၀၀၀၊ Oxygen Cylinder ၆၄၇၅ ခု၊ Vitamin C Tablet ၃၉၀၀ ခု တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မဲခွဲပွဲရွှေ့ဆိုင်းခဲ့သဖြင့် ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါအခြေအနေကြောင့် ပြီးခဲ့သည့်နှစ်ကတည်းက အာဆီယံအဆင့်ပြိုင်ပွဲများ ကျင်းပနိုင်ခြင်း မရှိသေးဘဲ ရပ်နားထားရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အမြင့်ဆုံး ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်ကြိမ်သာ တက်ရောက်ဖူးပြီး ၂၀၀၄ နှင့် ၂၀၁၆ ခုနှစ်တို့တွင် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ထိုင်းအသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေပြီး စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**ရဲရင့်လွင်**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးနေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)များအတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး | (၁၀)နေရာ | သိပ္ပံဘွဲ့အားလုံး/B.A(English)/B.A(Geography)/LLB/ B.A(International Relations) |
| (ခ) | အငယ်တန်းစာရေး | (၄)နေရာ | ဝိဇ္ဇာဘွဲ့အားလုံး |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀-၈-၂၀၂၂ ရက်တွင် အသက်(၂၇)နှစ် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀) မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(င) ဌာနတွင် အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) လျှောက်ထားလိုသည့်ရာထူး
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(ဆ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့် ဌာန
(ဇ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်
(ည) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ
(က) တစ်လအတွင်း ရိုက်ကူးထားသော (၁)လက်မပတ်လည်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(င) (၃)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း
(စ) ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်
(ဆ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ECD Mandalay Region Facebook Page တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးသို့လိပ်စာတပ်၍ (၂၀-၈-၂၀၂၂)ရက် (သောကြာနေ့)အရောက် နောက်ဆုံးထားပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားမှု ဦးစီးဌာနရုံးတို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်များအား ၂၈-၈-၂၀၂၂ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီမှ မွန်းတည့်၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၈-၂၀၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ သတ်မှတ်ရက်အရောက် ပေးပို့လျှောက်ထားလာခြင်းမရှိသူများ၊ သတ်မှတ်ရက်အရောက် ပေးပို့လာသော်လည်း အပြည့်အစုံ လျှောက်ထားသူများ၊ အချက်အလက်မှားယွင်းဖြည့်သွင်းလျှောက်ထားသူများအား ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ရေးဖြေစာမေးပွဲဖြေဆိုသည့်နေ့တွင် အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်းနှင့် ဘွဲ့လက်မှတ်မူရင်းမပါရှိလာသူများကို ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး တယ်လီဖုန်းအမှတ် ၀၂-၄၀၅၆၀၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး**

## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၀ / ၂-၁) ကြား ကျောက္ကလပ်တံတားအနီး၌ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်တစ်စီး မိုင်းခွဲခံရ



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မိုင်းခွဲခံရသည့် မော်တော်ယာဉ်နှင့် ဖောက်ခွဲသည့်မိုင်း။

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။ ၎င်းအပြင် လတ်တလော ကျန်းမာရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် စိတ်စေတနာပြည့်ဝစွာဖြင့် အနစ်နာခံပေးဆပ် လုပ်ကိုင်လျက်ရှိသော စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များကိုလည်း နည်းမျိုးစုံဖြင့် ဦးတည်တိုက်ခိုက်လာသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာတွင် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၀/၂-၁) ကြား ကျောက္ကလပ်တံတား အနီး၌ လူနာတင်ယာဉ် တစ်စီး မိုင်းဖောက်ခွဲခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လိုရာပြည့် လူမှုကူညီရေးအသင်းမှ သိမ်ဇရပ်မြို့ မြို့မ (၁) ရပ်ကွက်နေ ကိုကျော်စွာဝင်း (၂၁ နှစ်) သည် အသင်းပိုင် လူနာတင် မော်တော်ယာဉ်ဖြင့် ကျိုက်ထိုမြို့မှ သူရလင်း (၂၆ နှစ်) နှင့် ဦးမိုးအောင် (၅၃ နှစ်) တို့အား သွားရောက်တင်ဆောင်၍ သိမ်ဇရပ်မြို့သို့ ပြန်လာစဉ် သိမ်ဇရပ်မြို့ဝင် ဆိုင်းဘုတ်အနီး အရောက် တရုတ်နိုင်ငံလုပ် ကြိုးဆွဲလက်ပစ်ဗုံးဖြင့် ဖောက်ခွဲခံရသဖြင့် မော်တော်ယာဉ်၏ ရှေ့လေကာ မှန်ကြီး၊ ယာရှေ့နောက်မှန်ကြီး နှစ်ချပ်တို့ ကွဲအက်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

○ *ကျောဖုံးမှ*

ထို့ပြင် ဂရီးလစ်ချ်၏ အပြောင်းအရွှေ့သည် ဘောလုံးလောကတွင် ကိုးဦးမြောက် ဈေးအကြီးဆုံး ပြောင်းရွှေ့မှုဖြစ်သည်။ ဘောလုံးလောက ဈေးအကြီးဆုံး ထိပ်ဆုံး ငါးဦးစာရင်းတွင် နေမာ၊ အမ်ဘတ်ပီ၊ ကော်တင်ဟို၊ အိုဆွန်မီဒမ်ဘီလီနှင့် ဂျာအိုဖီးလစ်တို့က မှတ်တမ်းတင်ထားသည်။

ဂရီးလစ်ချ်သည် ဂွါဒီယိုလာ၏ မန်စီးတီးအသင်း၌ ပွဲဦးထွက် ပွဲစဉ်ကို စနေနေ့ **(ယနေ့)** တွင် ဝင်ဘလေ အားကစားကွင်း၌ လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကွန်မြူနတီ ဒိုင်းလုပွဲတွင် ကစားရဖွယ်ရှိနေသည်။၎င်းသည် ဗီလာအသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၂၁၃ ပွဲ ပါဝင်ကစားထားပြီး ၃၂ ဂိုး သွင်းယူပေးထားသည်။

ဂရီးလစ်ချ်နှင့် မန်စီးတီးတိုက်စစ်ကစားသမားများ၏ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်သော် ဂရီးလစ်ချ်သည် ပြီးခဲ့သည့်ရာသီတွင် ၂၆ ပွဲကစားထားပြီး ခြောက်ဂိုးသွင်းကာ ဂိုးရရှိရန် ၁၀ ကြိမ် ဖန်တီးပေးထားနိုင်သည်။ စတားလင်းသည် ပြီးခဲ့သည့်ရာသီတွင် ၃၁ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုးသွင်းကာ ခုနစ်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။ ဒီဘရိုင်းက ၂၅ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းကာ ၁၂ ကြိမ်အထိ ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။ မာရက်ဇ်က ၂၇ ပွဲ ကစားထားပြီး ကိုးဂိုးသွင်းကာ ခြောက်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်ကို တွေ့ရသည်။

ထို့ပြင် ပြီးခဲ့သည့်ရာသီ ဗီလာအသင်း၌ ဂရီးလစ်ချ်ပါဝင်သည့် ၂၆ ပွဲ တွင် နိုင်ပွဲရရှိမှုသည် ၅၀ ရာခိုင်နှုန်း အထိရှိပြီး ၎င်းမပါဝင်သည့် ၁၂ ပွဲတွင် နိုင်ပွဲရရှိမှုသည် ၂၅ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ၎င်းပါဝင်သည့် ပွဲစဉ်များတွင် ဂိုးရရှိမှု ၄၂ ဂိုးအထိရှိပြီး ၎င်းမပါဝင်သည့် ပွဲစဉ်များတွင် ဂိုးရရှိမှု ၁၃ ဂိုးသာ ရှိသည်။ **အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ခမ္ဘာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ခမ္ဘာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈.၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ရုံးအမှတ် ၄၂၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများ၌ လျှောက်ထားလိုသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာန website page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ရယူပြီး ၁၇-၉-၂၀၂၁ရက် နောက်ဆုံးထား၍ computer.etd.2016@gmail.com သို့ Online မှ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်း အင်ဂျင်နီယာ-၃ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၂၅ နေရာ |
| (ခ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၉၀ နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ခ) ၁-၈-၂၀၂၁ရက်တွင် အသက် ၁၈နှစ်ပြည့်ပြီး ၂၅ နှစ်ထက် မကျော်လွန်စေပဲ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ရမည်။
- (င) လျှောက်ထားသူသည် တာဝန်ကျရာဒေသတွင် အနည်းဆုံး (၅)နှစ် တာဝန် ထမ်းဆောင်နိုင်ရမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
- (က) အငယ်တန်းအင်ဂျင်နီယာ-၃ - BE (Civil, Mech, EP) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) အငယ်တန်းစာရေး - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်သူဖြစ်ပြီး လက်တွေ့စစ်ဆေးခံနိုင်ရမည်)

၄။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန Website www.moba.gov.mm နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၆၇၃-၄၀၉၅၈စသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကုသရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု Tablet, Injection, Liquid, Powder, Ordinance, Lab Reagents and Consumable for Speciality of GI & Uro Surgicalကိုမြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၈-၂၀၂၁ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၃-၈-၂၀၂၁ ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၉၀**

## မယမင်းအိန္ဒြေသန့် ၁၃/နမတ(နိုင်)၀၅၉၅၁၆နှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့၊ ပန်ဟိုက်(၁၀)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဒေါ်မာမာဝင်း ၁၃/နမတ(နိုင်)၀၀၄၀၉၉၏ လွှဲအပ်ညွှန်ကြားချက်များအရ မယမင်းအိန္ဒြေသန့်နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

